မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၁၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံအနေဖြင့် ဆောင်ရွက်ရန်ကိစ္စများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲများ နိုင်ငံတစ်ဝန်းလုံး ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေခြင်းမှာ ပြည်သူလူထုတစ်ရပ်လုံး အမျိုးသားညီလာခံလုပ်ငန်းများနှင့် တစ်သားတည်းရှိနေသည့်သဘောကိုဆောင်

အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ပြီးမြောက်စေရေး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၉

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး အမှတ်စဉ်(၃/၂၀၀၆)ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ဆွေးနွေးမှာကြား

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေး အမှတ်စဉ် (၃/၂၀၀၆) တွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

SSA (တောင်ပိုင်း)ရှက်ဆစ်အဖွဲ့ ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များ ဖုံးကွယ်လှည့်စားဖို့ ပြည်ပဆရာကြီးများ ပြည်ပမီဒီယာများအားကိုးနှင့် မဟုတ်မမှန်လုပ်ကြံဇာတ်လမ်းများ ထုတ်လွှင့်ပြီး သူခိုးက လူလူဟစ်နေ ရှက်ဆစ်အဖွဲ့၏လုပ်ရပ်များသည် အကြမ်းဖက်အဖျက်သမားလုပ်ရပ်၊ ဘိန်းစားပြလုပ်ရပ်များသာဖြစ် ဒေသခံတိုင်းရင်းသားများ အေးချမ်းတည်ငြိမ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များ ရရှိခံစားနေ

တည်ငြိမ်မှုပျက်ပြားအောင်၊ ဖွံ့ဖြိုးမှုဆုတ်ယုတ်အောင် လုပ်ဆောင်သူ မည်သူ့ကိုမဆို လက်မခံ ဆန့်ကျင်သွားမှာဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၆)တွင် ဒေသခံတိုင်းရင်းသားပြည်သူများက လုံးဝလက်မခံဘဲ ဆန့်ကျင်မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူ SSA(တောင်ပိုင်း)မှ သံချောင်း(ခ)စဝ်ခွန်ကျော် ဦးစီးသည့် တပ်မဟာ (၂၄၁)တပ်ဖွဲ့ဝင်များ လက်နက်ချအလင်းဝင်ရောက်ခဲ့ခြင်း၊ ဖမ်းဆီးရမိခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✡

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားလာရေး လမ်းပန်းဆက်သွယ်မှုစီမံကိန်းများ အမြန်ပြီးစီးရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်များ လျော့နည်းကျဆင်းစေရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေးတို့အတွက် လိုအပ်သောအစီအမံများချမှတ်၍ စနစ်တကျအကောင်အထည်ဖော်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်လမ်းညွှန်မှု၊ နိုင်ငံတော်အစိုးရ၏ မနားမနေ ကြိုးပမ်းအားထုတ်မှုတို့အပေါ် ပြည်သူများကလည်း ယုံကြည်အားထားလာပြီး ပူးပေါင်းဆောင်ရွက်ကြသဖြင့် နယ်မြေဒေသအသီးသီးသည် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇန်နဝါရီလ ၁၆ရက်နှင့် ၁၇ရက်နေ့များက ထားဝယ်လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းနှင့် သံလွင်တံတား(မော်လမြိုင်) စီမံကိန်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် သံလွင်တံတား(မော်လမြိုင်) စီမံကိန်းရှင်းလင်းဆောင်ရွက်ရန် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက–

"စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းမီမီ အရည်အသွေးကောင်းကောင်းဖြင့် အမြန်ဆုံး တည်ဆောက်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်နေကြရမှာ ဖြစ်ကြောင်း၊ ဤလမ်းပိုင်း၌လည်း ရန်ကုန်–ထားဝယ်ခရီးကို ရထားဖြင့် နေ့ချင်းပေါက်ရောက်နိုင်ရေး သတ်မှတ်တာဝန်ပေးထားပြီးဖြစ်ရာ အစီအမံများနှင့်အညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း"

မှာကြားခဲ့သည်။

ထားဝယ်လေယာဉ်ကွင်းကို ပြေးလမ်းအရှည်ပေ ၁၂၀၀၀၊ အကျယ်ပေ ၁၀၀ရှိ လေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်ပေးနေသည်။ သံလွင်တံတား(မော်လမြိုင်)စီမံကိန်း၌ မီးရထားချဉ်းကပ်လမ်းများတွင် သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး မော်လမြိုင်ဘူတာ တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းကို ကြည့်ပါက ရေး–ထားဝယ် ရထားလမ်း၊ ကော့သောင်း– ဘုတ်ပြင်း–မြိတ်–ထားဝယ်ကားလမ်းတို့ ဖြစ်ပေါ်လာပြီဖြစ်၍ ရေကြောင်း၊ လေကြောင်းအပြင် ကုန်းလမ်းဖြင့်လည်း နိုင်ငံအဝန်း ကူးလူးဆက်ဆံ သွားလာနိုင်ပြီဖြစ်သည်။

တစ်နိုင်ငံလုံးတွင် ပြည်နယ်၊ တိုင်း ဒေသတစ်ခုနှင့်တစ်ခုအကြား ဆက်သွယ်သွားလာမှု လွယ်ကူစေရေးအတွက် လမ်းများဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းတို့ကို နိုင်ငံတော်က အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာမှု လွယ်ကူလာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်း အထိအတွေ့များပြီး ရင်းနှီးချစ်ကြည်မှု ပိုမိုလာကာ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုထွန်းကားလာစေမည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှုကဏ္ဍ၌သာမက တနင်္သာရီတိုင်း၏ စီးပွားရေး၌လည်း အစဉ်အလာအလေးထား လုပ်ကိုင်နေသည့် ငါး၊ ပုစွန်လုပ်ငန်းအပြင် ပုလဲမွေးမြူရေးလုပ်ငန်း၊ ဆီအုန်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်း စသည့်စီးပွားရေးကဏ္ဍအသစ်များသည်လည်း အောင်မြင်စွာ ပေါ်ထွက်လာနေပြီဖြစ်သည်။

သဘာဝသယံဇာတအခြေအနေကောင်းများကို လူ့စွမ်းအားဖြင့် ဖော်ထုတ်အသုံးချနိုင်သည်နှင့်အမျှ ဒေသ၏ စီးပွားရေးသည် ခိုင်မာတောင့်တင်းလာမည်ဖြစ်သည်။ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက မှန်ကန်သောမူဝါဒများချမှတ်ပြီး ပြည်သူများ၏ ဘဝလုံခြုံမြင့်မားရေးအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်နေမှုကို အလေးအနက် နားလည်ခံယူပြီး နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များကလည်း မိမိတာဝန်ကျရာ ဒေသအတွင်းရှိ ပြည်သူများအား စောင့်ရှောက်ကူညီရန်၊ ပြည်သူများနှင့် တစ်သားတည်း ဆက်ဆံနေထိုင်သွားကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာမှု လွယ်ကူလာပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုလာကာ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုထွန်းကားလာစေရေးအတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ စီမံကိန်းလုပ်ငန်းများကို စံချိန်စံညွှန်းမီမီ အရည်အသွေးကောင်းကောင်းဖြင့် အမြန်ဆုံး တည်ဆောက်ပြီးစီးရေး တာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး အင်ပင်အစမ်းတွင်း အမှတ်(၃)တူးဖော်ရန် ပြင်ဆင်နေမှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇန်နဝါရီ ၁၅ ရက်က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မြန်အောင်ရေနံမြေ အင်ပင်အစမ်းတွင်း အမှတ်(၃) တူးဖော်မည့်နေရာသို့ သွားရောက်၍ တွင်းတူးဖော်ရန် ပြင်ဆင်နေမှု အခြေအနေများကို စစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးသည် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် ကြခင်းမြို့နယ် စပါးအိုး(အနောက်)ကျေးရွာသို့သွားရောက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် တူးဖော်ခဲ့ပြီး အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံဖွင့်လှစ်သည့် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာ စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်ပြည်သူ့ဆေးရုံသို့ သွားရောက်စစ်ဆေးပြီး သားဖွားဆောင် ပြင်ဆင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟို အလုပ်အမှုဆောင်သည် မန်ကျည်းကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ လည်းကောင်း၊ ဆင်ကျုံးကွင်း–နှောကုန်း–မဲဇလီကွင်း–မန်ကျည်းကွင်း ကျေးရွာချင်း ဆက်လမ်း ကျောက်ခင်းနေမှုများကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဗဟို အလုပ်အမှုဆောင်သည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် နှောကုန်း ဘုရားရင်ပြင်တော်ဝင်း အတွင်း ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် တာခွကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကွန်ပျူတာတစ်စုံကို လည်းကောင်း၊ သပြေကုန်းကျေးရွာ အုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ငါးရုံ့ဒိုင်းကျေးရွာ ရေကာတာရေတံခါး ဆောက်လုပ်ရန်အတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၀–၁–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅ ၈။သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၃။ ကာတွန်းအစီအစဉ် **"ပါကျဲ"** (အပိုင်း–၅)
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း–၄)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း–၁၁)

ဘဂ္ဂဒက်၌ ကန်ရဟတ်ယာဉ်ပျက်ကျ ဒုံးကျည်ထိမှန်ခံရခြင်းဖြစ်ဟုဆို

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

ဘဂ္ဂဒက်၏ မြောက်ဘက်တွင် ဇန်နဝါရီ ၁၆ရက်က အမေရိကန်ရဟတ်ယာဉ်တစ်စင်းပျက်ကျသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ရဟတ်ယာဉ်သည် မီရှာဟာဒါမြို့အနီး၌ ဒုံးကျည်ထိမှန်ခံခဲ့ရခြင်းဖြစ်ကြောင်း ဒူဘိုင်းအခြေစိုက် အယ်လ်အရာဘီယာ ရုပ်မြင်သံကြားဌာနက စောစောပိုင်းက ကြေညာခဲ့သည်။

ကံကြမ္မာ

အမေရိကန်စစ်ဘက်ကမူ ယင်းမတော်တဆမှုကို အတည်ပြုခဲ့သော်လည်း ရဟတ်ယာဉ်အမှုထမ်းနှစ်ဦး၏ ကံကြမ္မာနှင့်ပတ်သက်၍မူ ပြောကြားခြင်းမရှိပေ။

အမေရိကန် တပ်ဖွဲ့များသည် အဆိုပါ နေရာကို ဝန်းရံပိတ်ဆို့လိုက်ပြီး ရဟတ်ယာဉ် အချို့ကလည်း အပေါ်မှ ပျံသန်းလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

အသေးစိတ်

အဆိုပါ သတင်းတွင် သေဆုံးဒဏ်ရာရသူများနှင့်ပတ်သက်မှု အပါအဝင် အသေးစိတ် အချက်အလက်များကို ဖော်ပြခြင်း မရှိပေ။

အမေရိကန်တင့်ကားနှင့် သံချပ်ကာ ယာဉ်အချို့လည်း အဆိုပါနေရာသို့ ရောက်ရှိလာကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မလေးရှားနှင့်စင်ကာပူ ခရီးသွားလုပ်ငန်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည်

ကွာလာလမ်ပူ ဇန်နဝါရီ ၁၉

မလေးရှားနှင့်စင်ကာပူနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း မြှင့်တင်ရန် နှစ်နှစ်ကြာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း နှစ်နိုင်ငံ ခရီးသွားအဖွဲ့များက ဇန်နဝါရီ ၁၆ရက်၌ ပြောကြားသည်။

နှစ်နိုင်ငံဘက်မှ ခရီးသွားတာဝန်ရှိသူများသည် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ခရီးသွားလုပ်ငန်း အစည်းအဝေး၏ သီးခြားအစည်းအဝေးတစ်ရပ်၌ သဘောတူညီချက်ကို ဇန်နဝါရီ၁၅ရက်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့၏ ပူးတွဲကြေညာချက်ထုတ်ပြန်ရာတွင် ဖော်ပြသည်။ မလေးရှားနှင့်စင်ကာပူ ခရီးသွားဈေးကွက် ပူးပေါင်းဆောင်ရွက်ရေးတွင် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းစီးဆင်းမှု တိုးမြှင့်ရေးဆောင်ရွက်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

■ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

အခြေခံမူများချမှတ်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၅ရက်မှ ပြန်လည်စတင်ကျင်းပခဲ့ရာ ယခုအခါ အမျိုးသားညီလာခံကျင်းပသည့်ကာလမှာ တစ်လခွဲခန့်ရှိလာပြီဖြစ်ကြောင်း၊ ယခု အမျိုးသားညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်တင်ပြပြီး ကိုယ်စားလှယ်အစုအဖွဲ့များက အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြခဲ့ကြပြီးဖြစ်ကြောင်း။

အကြံပြုချက်စာတမ်းများ

ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တင်ပြခဲ့သဖြင့် အဆိုပါအခန်းများနှင့်စပ်လျဉ်းသည့် အကြံပြုချက် စာတမ်းများကို အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေး ရေးသားပြုစုခြင်း၊ သက်ဆိုင်ရာ သဘာပတိအဖွဲ့များမှတစ်ဆင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်းကိစ္စများကို ဆောင်ရွက်လျက်ရှိကြကြောင်း။

ယခုကဲ့သို့ မိမိတို့ အမျိုးသားညီလာခံအနေဖြင့် ဆောင်ရွက်ရန်ကိစ္စများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်နည်းတူ အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲများကို နိုင်ငံတစ်ဝန်းလုံးတွင် ခြိမ့်ခြိမ့်သဲသဲ နေ့စဉ် ရက်ဆက်ကျင်းပလျက်ရှိကြောင်း၊ ထို့မျှမက မြို့နယ်အတော်များများတွင် လမ်းဖွင့်ပွဲ၊ တံတားဖွင့်ပွဲ၊ ကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ စသည့် ပြည်သူ့ အကျိုးပြုလုပ်ငန်းများကို အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသည့်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ယင်းသို့ အမျိုးသားညီလာခံကိုဂုဏ်ပြုထောက်ခံပွဲများ သောင်းသောင်းဖြဖြကျင်းပဆောင်ရွက်နေခြင်းမှာ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် အမျိုးသားညီလာခံလုပ်ငန်းများနှင့် စိတ်တူ၊သဘောတူ တစ်သားတည်း၊ တစ်ထပ်တည်း ရှိနေသည့် သဘောကိုဆောင်နေကြောင်း၊ သို့ဖြစ်၍ အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ပြီးမြောက်စေရေးအတွက် မိမိတို့ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များအနေဖြင့် အကြံပြုချက်စာတမ်းများရေးသားပြုစုခြင်း၊ လုပ်ငန်းများကိုဆောင်ရွက်ပြီးစီးလုပြီဖြစ်သဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပဆောင်ရွက်သွားကြရန်ရှိကြောင်း။

ယခုအမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးတွင် လက်ရှိကျင်းပဆဲ အမျိုးသားညီလာခံနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် အမျိုးသားညီလာခံများတွင်တင်ပြဆောင်ရွက်ရန်ရှိသည့် ကိစ္စများကိုလည်းကောင်း ကော်မရှင်အဖွဲ့ဝင်များက တင်ပြဆွေးနွေး ညှိနှိုင်းကြရန်ဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်

အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အုပ်ချုပ်ရေးကိစ္စများဖြစ်ကြသည့် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးများ၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေရေးစသည့် လုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များက အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်သို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကတင်ပြသည့် စာတမ်းများကို လေ့လာဆွေးနွေးကြပြီး အမျိုးသားညီလာခံသို့ ဆက်လက်တင်ပြသွားရန်ရှိသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ဖြည့်စွက်ဆွေးနွေးမှာကြား

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး မွန်းလွဲ၁၂နာရီမိနစ်၄၀တွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

❒ **လမ်းဖွင့်ပွဲ၊ တံတားဖွင့်ပွဲ၊ ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသည့်အနေဖြင့် ဆောင်ရွက်လျက်ရှိ။**

❒ **ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် အမျိုးသားညီလာခံလုပ်ငန်းများနှင့် စိတ်တူ၊ သဘောတူ တစ်သားတည်း၊ တစ်ထပ်တည်း ရှိနေသည့် သဘောကိုဆောင်နေ။**

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ အစည်းအဝေးကျင်းပ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန် ဇန်နဝါရီ ၁၉

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များတက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှနှင့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်က လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ ကိုယ်စားလှယ်တက်ရောက်မှုရာခိုင်နှုန်း ၉၂ဒသမ၃၀ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့်သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှဦးမောင်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော် အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီမှ ရွေးချယ်ခံကိုယ်စားလှယ် ပဲခူးတိုင်း ပြည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမောင်အုံး၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ ဖြစ်ကြသည့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်းနှင့် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးသိမ်းကြည်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ရွေးချယ်ခံကိုယ်စားလှယ် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစံသာအောင်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့က ၎င်းတို့၏အကြံပြုချက် စာတမ်းများကိုဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏အစည်းအဝေးကို နံနက်၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာအလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှဦးစိုင်းတင့်အောင်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ်စစ်ကိုင်းတိုင်းမှ ဦးကံညွှန့်နှင့် မကွေးတိုင်းမှ ဦးတင်မောင်ကျော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်က လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ ကိုယ်စားလှယ် တက်ရောက်မှုရာခိုင်နှုန်း ၉၈ ဒသမ ၉၂ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်မှ ဦးကျော်တင့်နှင့် မကွေးတိုင်း ပွင့်ဖြူမြို့နယ်မှ ဦးအေးကြူတို့က အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲ ခန်းမ(၂)တွင် ကျင်းပရာ သဘာပတိ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)တွင် ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Chairman Chiefs of Staff Committee (COSC) and Chief of Staff Naval, Admiral Arun Prakash (PVSM, AVSM,VrC,VSM, ADC)နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် အိန္ဒိယရေတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၁၉

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Chairman Chiefs of Staff Committee (COSC) and Chief of Staff Naval, Admiral Arun Prakash (PVSM,AVSM,VrC,VSM,ADC)နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၁၁ နာရီတွင် တပ်မတော်အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် ဇနီး ဒေါ်အေးအေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်း၊ ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးအေးဖေ၊ တနင်္သာရီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E Mr.Bhaskar Kumar Mitraနှင့် စစ်သံမှူး Colonel Jasvinder Singh Chopraနှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဧည့်သည်တော် အိန္ဒိယ ရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိဂုဏ်ပြုခံခန်းမဆောင် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဧည့်သည်တော် အိန္ဒိယ ရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ ရေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တပ်မတော် ဧည့်ဂေဟာသို့ ဆက်လက်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ဇနီး ဒေါ်အေးအေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

လက်ခံတွေ့ဆုံ

မွန်းလွဲ ၁၂ နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းသည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ ရေတပ်မတော်မှ Chairman Chiefs of Staff Committee (COSC) and Chief of Staff Naval, Admiral Arun Prakash (PVSM, AVSM, Vr°C, VSM, ADC)နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်း၊ တနင်္သာရီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ ရေတပ်မတော်မှ Chairman Chiefs of Staff Committee (COSC) and Chief of Staff Naval, Admiral Arun Prakash (PVSM, AVSM, Vr°C, VSM, ADC)နှင့် အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel Jasvinder Singh Chopra တို့ တက်ရောက်ကြသည်။

ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီးတို့သည် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ ရေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ရောဝတီ ရေတပ်စခန်းဌာနချုပ် ဧည့်ရိပ်သာ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြု ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းနှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra နှင့် စစ်သံမှူး Colonel Jasvinder Singh Chopra တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၁-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမ သာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၅ ၈။ အကပြိုင်ပွဲ
၈း၂၅ ၉။ နတ်သားတောရေလှောင်တမံ
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ English for Everyday Use

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Demonstration Exerc -ixes for Corrrect Pronunciation
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၄၀ ၈။ အဆိုပြိုင်ပွဲ
၁၇း၄၅ ၉။ **"လောကရဲ့အလှရတနာ" ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စန်းဦး၊ ချောရတနာ၊ မေကဗျာ**
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၁၀ ၁၃။ အတီးပြိုင်ပွဲ
၁၉း၂၅ ၁၄။ နှောင်းခေတ်တေးပဒေသာ
၁၉း၃၅ ၁၅။ ဇီဝလောင်စာရွှေကြက်ဆူရတနာ
၂၀း၁၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ၂၀၀၅ ခုနှစ် တေးရသမအကြိမ် (၁၃)ကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ "ဝိဓုရဇာတ်တော်ကြီး" (ဒုတိယဆု)(မန္တလေးတိုင်း) (အပိုင်း-၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၀၆ (သောကြာနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ ဒေသဝမ်းစားဖူလုံဖို့ ဆင်းရွှေလီစပါးစိုက်ကြစို့ (အပိုင်း-၅)
၇း၁၅ တေးဂီတအစီအစဉ်
၇း၂၀ ပြည်တွင်းသတင်းအကျဉ်း
၇း၂၅ တေးဂီတအစီအစဉ်
၇း၃၀ မြန်မာစာ မြန်မာစကား
၇း၄၅ တေးဂီတအစီအစဉ်
၇း၅၀ တစ်ပိုင်းတစ်နိုင်မွေးမြူ စိုက်ပျိုးဝင်ငွေတိုး
၈း၀၀ တေးဂီတအစီအစဉ်
၈း၀၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀ တေးဂီတအစီအစဉ်
၈း၁၅ Myanmar Video Rhythm
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ စိမ်းနေဦးမည့် တို့မြန်ပြည်
၉း၀၅ တေးဂီတအစီအစဉ်
၉း၁၀ မိုးလေဝသခန့်မှန်းချက်
၉း၁၅ တေးဂီတအစီအစဉ်
၉း၂၀ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန
၉း၄၀ Star Album (ဦးကြည်စိုးထွန်း၊ ရွှေသွေး၊ချမ်းသာကြည်စိုးထွန်း)
၁၀း၁၅ တေးဂီတအစီအစဉ်
၁၀း၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ အရောင်များထဲမှ အမျိုးသမီးများ
၁၀း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅ မြန်မာ၊ ဂျပန်ရိုးရာလက်ဝှေ့ပွဲ
၁၁း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀ နည်းစနစ်မှန်ကန် ကော်ဖီစိုက်ပျိုးရန်
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ

တပ်မတော်အစိုးရလက်ထက် လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်

ရေအားလျှပ်စစ်စီမံကိန်းများ တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်စွမ်းအားများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိပါသည်။

အလေးထားတည်ဆောက်

ထိုသို့ဖြည့်ဆည်းပေးရာတွင်မြန်မာနိုင်ငံ၌ ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာမည့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သော သဘာဝရေအရင်းအမြစ် များစွာ တည်ရှိနေသည်။ ထိုရေအရင်းအမြစ်များစွာကိုအားပြု၍ ရေရှည်တွင် တိုင်းပြည်၏ ဓာတ်အားထုတ်လုပ်မှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရေအားလျှပ်စစ်စီမံကိန်းများကို အလေးထားတည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ မြစ်များ၊ ချောင်းများ၏ ရေစီးဆင်းမှုပမာဏအရ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။ ထို့ကြောင့် ရေအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်၍ ရေအားလျှပ်စစ်စီမံကိန်းများကို အရှိန်အဟုန်မြင့် တည်ဆောက်ပေးလျက်ရှိသည်။

ဖြည့်ဆည်းပေးနိုင်

တိုးချဲ့ တည်ဆောက်နေသည့် ရေအားလျှပ်စစ်စီမံကိန်း ကိုးခုရှိပြီး အဆိုပါစီမံကိန်း ကိုးခု ပြီးစီးပါက မဂ္ဂါဝပ် ၁၅၀၀ နီးပါး ထပ်မံတိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ လျှပ်စစ်စွမ်းအားကဏ္ဍတွင် ယခု လက်ရှိသုံးစွဲနေသော မဂ္ဂါဝပ်မှာ ၅၀၀၀ ကျော်ရှိပြီး ထပ်မံတည်ဆောက် အကောင်အထည်ဖော်နေသော စီမံကိန်းများပြီးစီးပါက နိုင်ငံတော်နှင့် ပြည်သူများအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပေသည်။

တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ရှေးရှု၍ ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းများ တိုးမြှင့်တည်ဆောက်နေမှုကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။



ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတစ်ဝန်းတည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်းများ

စဉ်	စီမံကိန်းအမည်	ပြည်နယ်၊ တိုင်း၊ မြို့	နေ့စဉ်ထုတ်လွှတ်နိုင်မည့်မဂ္ဂါဝပ်
၁	ကျိုင်းတောင်း	ရှမ်းပြည်နယ်၊ မိုးနဲမြို့	၅၄
၂	ရဲရွာ	မန္တလေးတိုင်း၊ ကျောက်ဆည်	၇၉၀
၃	ရွှေလီ	ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့	၄၀၀
၄	ကွန်ချောင်း	ပဲခူးတိုင်း၊ ဖြူးမြို့	၆၀
၅	ဖြူးချောင်း	ပဲခူးတိုင်း၊ ဖြူးမြို့	၄၀
၆	ခပေါင်း	ပဲခူးတိုင်း၊ တောင်ငူမြို့	၃၀
၇	ပသီ	ကရင်ပြည်နယ်၊ သံတောင်မြို့	၂
၈	ရွှေကျင်	ပဲခူးတိုင်း၊ ရွှေကျင်မြို့	၇၅
၉	ရဲနွယ်	ပဲခူးတိုင်း၊ ကျောက်တံခါးမြို့	၂၅

SSA(တောင်ပိုင်း) တပ်မဟာ (၂၄၁) နမ့်ခမ်းတောင်ဘက်ခြမ်းနယ်မြေအတွင်း ခိုးဝင်တိမ်းရှောင်လာ နမ့်ခမ်းဒေသမှ တိုင်းရင်းသားပြည်သူများက အကြမ်းဖက်သောင်းကျန်းသူများကို လုံးဝလက်မခံ

✡ ရှေ့ဖုံးမှ

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဂျာနယ် မဂ္ဂဇင်းများမှ သတင်းတာဝန်ခံများခင်ဗျား–

ယနေ့ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်ထဲကို ဝင်ရောက်လာတဲ့ SSA (တောင်ပိုင်း)မှ တပ်မဟာမှူး စဝ်ခွန်ကျော်ဦးစီးတဲ့ တပ်မဟာ(၂၄၁) တပ်ဖွဲ့ဝင်တွေဟာ နမ့်ခမ်းဒေသခံ တိုင်းရင်းသားပြည်သူတွေက သူတို့ဒေသအတွင်း ဝင်ရောက်လှုပ်ရှားလာတာကို လုံးဝလက်မခံဘဲ ဆန့်ကျင်မှုတွေကြောင့် ဆက်လက်ရပ်တည်နိုင်ခြင်းမရှိတော့လို့ လက်နက်ချအလင်းဝင်ရောက်ခြင်း၊ အဖမ်းခံရခြင်းတို့နဲ့ စပ်လျဉ်း၍လည်းကောင်း၊ ပြည်သူများရဲ့ သတင်းပေးချက်အရ SSNA စိုင်းရီနဲ့အဖွဲ့က သိုဝှက်ထားတဲ့ လက်နက်ခဲယမ်းတွေကို ဖော်ထုတ်ရရှိမှုနဲ့ စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

ဒါနဲ့တစ်ဆက်တည်းမှာပဲ ၎င်းတို့နဲ့တစ်ဖွဲ့တည်းဖြစ်တဲ့ ရွက်ဆစ်ဦးစီး SSA(တောင်ပိုင်း)အမည်ခံ အကြမ်းဖက်အဖျက်သမားအဖွဲ့က အရွယ်မရောက်သေးသော လူငယ်များအား အဓမ္မလူသစ်စုဆောင်းနေမှု၊ လူမျိုးရေးအခြေခံပြီး ဒေသခံပြည်သူများအား ရှာလုံးကျွတ်ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှု၊ ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးမှု၊ ကျေးရွာများအား ၎င်းတို့အတွက် အကာအကွယ်ဖြစ်စေရန် နယ်စပ်ဒေသသို့ အတင်းအဓမ္မရွှေ့ပြောင်းစေမှု၊ အဓမ္မဆက်ကြေးကောက်မှု၊ တိုင်းရင်းသူ မိန်းမပျိုများအား အဓမ္မစော်ကားပြီး မတော်မတရားပြုကျင့်မှု၊ ငွေစက္ကူအတုနှင့် မူးယစ်ဆေးဝါးထုတ်လုပ် သယ်ယူရောင်းချမှုစတဲ့ လုပ်ရပ်တွေကိုလဲ ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

၁၉၈၈ခုနှစ်မှာ ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုပျက်ပြားပြီး နိုင်ငံတော်ရဲ့အုပ်ချုပ်မှုယန္တရား ရပ်ဆိုင်းသွားသည်အထိ မင်းမဲ့စရိုက်များ ဖြစ်ပွားခဲ့ပါတယ်။ ထိုအခြေအနေမျိုးမှာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို စောင့်ရှောက်ရန်မှာ တပ်မတော်သာလျှင် စွမ်းဆောင်နိုင်သော အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်ဟာ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ထမ်းဆောင်ဖို့ မလွှဲမရှောင်သာကြုံတွေ့ခဲ့ရပါတယ်။ တပ်မတော်ဟာ နိုင်ငံတော်တာဝန်ကို ရယူပြီးနောက် ပြည်သူတို့ရဲ့ဆန္ဒကို ဦးထိပ်ထားလျက် တစ်ပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေး၊ ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းရေးတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အဲ့ဒီလို ကျယ်ပြန့်နက်နဲတဲ့ ဒီမိုကရေစီကျင့်စဉ်ကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရေးနဲ့ ခိုင်မာရေးအတွက် အဓိကလိုအပ်သော အခြေခံအချက်ကြီးသုံးချက်မှာ နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိဉာဏ်ပညာမြင့်မားသော လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေးတို့ ဖြစ်ပါတယ်။

အပြည့်အဝခံစား

ဒါ့ကြောင့် တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစွာဆောင်ရွက်ရာမှာ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်မှုကို ရရှိခဲ့ပါတယ်။ ဒါ့အပြင် တပ်မတော်ရဲ့ မှန်ကန်တဲ့စေတနာနဲ့လုပ်ရပ်ကို သိမြင်လာကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီးအဖွဲ့ငယ် အများအပြားဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပါတယ်။ ယခုညှော့သည်တော်များရောက်ရှိနေတဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေမှာဆိုရင်–

(၁) ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)
(၂) ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)
(၃) ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃)
(၄) ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅)
(၅) ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၇)

စတဲ့ အဖွဲ့ကြီးများနဲ့ အဖွဲ့ငယ်အချို့လဲ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီထဲကမှ ဦးအိုက်မုန်းခေါင်းဆောင်တဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇) PSLAအဖွဲ့၊ SSNAမှ ဦးကန်န ခေါင်းဆောင်တဲ့အဖွဲ့၊ SSNAမှ ဦးဂုဏ်ခေးခေါင်းဆောင်တဲ့အဖွဲ့တွေဟာ ပြည်သူလူထုအပေါ်မှာ ဆက်ကြေးကောက်ခြင်း၊ အဓမ္မအနိုင်ကျင့်ခြင်းစတဲ့လုပ်ရပ်တွေကို စက်ဆုပ်ရွံရှာပြီး လက်နက်နဲ့ငြိမ်းချမ်းရေးကို လဲလှယ်ကာ လက်နက်ကိုင်လမ်းစဉ်ကို အပြီးအပိုင် စွန့်လွှတ်ခဲ့ပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုဟာ ဝမ်းမြောက်ကြည်နူးစွာ ကြိုဆိုထောက်ခံကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတစ်ခုလုံး ငြိမ်းချမ်းရေးရဲ့အရသာကို အပြည့်အဝခံစားနေကြရပြီ ဖြစ်ပါတယ်။ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို လွတ်လွတ်လပ်လပ် လုပ်ကိုင်ပြီး ရသမျှအကျိုးစီးပွားများကိုလဲ အပြည့်အဝ ခံစားနေကြရပြီဖြစ်ပါတယ်။

နိုင်ငံနှင့်အဝန်း အေးချမ်းတည်ငြိမ်လာတာနဲ့အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အဖျက်အမှောင့်ကင်းကင်းနဲ့ လုပ်ကိုင်ဆောင်ရွက်လာနိုင်ပါတယ်။ ဒါ့ကြောင့် အစိုးရ၊ ပြည်သူနဲ့တပ်မတော် လက်တွဲပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ ပထမဦးဆုံးဆောင်ရွက်တဲ့ လုပ်ငန်းကတော့ နယ်မြေဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းပဲဖြစ်ပါတယ်။ နိုင်ငံတော် အကြီးအကဲကိုယ်တိုင် ဦးဆောင်ပြီး ယခင်က ဖွံ့ဖြိုးတိုးတက်မှု အလွန်နောက်ကျခဲ့တဲ့ နယ်စပ်ဒေသတွေက တိုင်းရင်းနွယ်ဖွား ညီနောင်သားချင်းတွေရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူနေမှုဘဝ မြင့်မားရေးတို့ကို ငွေကျပ်သန်းပေါင်း အမြောက်အမြား ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ခဲ့တဲ့အတွက် နယ်စပ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ နေ့ချင်းညချင်း အရှိန်အဟုန်မြင့်မားစွာ ဖြစ်ထွန်းခဲ့ပါတယ်။

တစ်ဦးချင်းဝင်ငွေမြင့်မားလာ

တစ်ပြိုင်တည်းလိုမှာပဲ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ စီးပွားရေးဘဝ မြင့်မားတိုးတက်စေဖို့အတွက် စီးပွားရေးဦးတည်ချက် (၄)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလဲ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ စိုက်ပျိုးရေ အလုံအလောက်ရရှိရေးအတွက် ဆည်မြောင်းတာတမံများကို အစုအဖွဲ့အလိုက် တည်ထောင်ပေးခြင်း၊ စိုက်ပျိုးမြေဧကများ တိုးချဲ့ဖော်ထုတ်ခြင်း၊ သီးထပ်စွမ်းအားမြင့်မားရေးနှင့် သီးနှံအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ တစ်ဖက်ကလဲ ထွက်ရှိလာတဲ့သီးနှံများကို လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် လမ်းနဲ့တံတားများကိုလဲ ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ပြည်တွင်းပြည်ပမှ အတတ်ပညာအရင်းအနှီးများကိုလဲ ဖိတ်ခေါ်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ စက်မှုဇုန်များ တည်ထောင်ပေးပြီး စက်မှုလယ်ယာမှတစ်ဆင့် စက်မှုနိုင်ငံ ထူထောင်နိုင်သည်အထိ ကြိုးပမ်းမြှင့်တင် ဖော်ဆောင်ပေးခဲ့ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့စီးပွားရေးဟာ တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လာတဲ့နည်းတူ ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်ဖော်ဆောင်ပေးတဲ့အတွက် ပြည်သူတွေရဲ့ဆန္ဒနဲ့ကိုက်ညီပြီး တစ်ဦးချင်း တစ်နှစ်ဝင်ငွေဟာလဲ မြင့်မားလာခဲ့ပြီး ဖြစ်ပါတယ်။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်လာအောင် ဖော်ဆောင်ရာမှာ နိုင်ငံတစ်ဝန်း ကွက်လပ်ပါမကျန် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တဲ့အတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို ကွန်ရက်ပမာ သတ်မှတ်ပြီး ဒေသခံပြည်သူတွေရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများကို သိသိသာသာ မြှင့်တင်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)က လားရှိုးမြို့ဟာ အထူးဖွံ့ဖြိုးရေးဒေသကြီးဖြစ်ပြီး စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဘက်စုံမှ အခွင့်အလမ်းများ ပြည့်စုံကောင်းမွန်လာခဲ့ပါတယ်။ ယခင်က အဆင့်မြင့်ပညာနဲ့ ပါရဂူများသာ စွမ်းဆောင်နိုင်တဲ့ ကျန်းမာရေး၊ စွမ်းဆောင်မှုများကို ရန်ကုန်နဲ့ မန္တလေးမြို့ကြီးများမှာသာ ရနိုင်သော်လည်း ယခုအခါ အထူးဖွံ့ဖြိုးဒေသတိုင်းမှာ တက္ကသိုလ်များ၊ နည်းပညာကောလိပ်များ၊ ကွန်ပျူတာကောလိပ်များ၊ ဆရာအတတ်သင်ကောလိပ်များနဲ့အတူ အဆင့်မြင့်ကျန်းမာရေး စောင့်ရှောက်မှုများကို ရရှိနေကြပြီဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေ လူထုဖြစ်တဲ့အတွက် ကျေးလက်ဒေသများပါ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်(၅)ရပ် စီမံချက်ကိုလဲချမှတ်ပြီး နိုင်ငံတော်ရဲ့ အား၊ ဒေသခံပြည်သူများရဲ့အား၊ စေတနာရှင်ပြည်သူများနဲ့ ပေါင်းစပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ပါတယ်။ ဒါ့ကြောင့် နိုင်ငံအဝန်း ကျေးရွာများမှာလဲ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနဲ့ စိုက်ပျိုးရေ ရရှိရေးကိစ္စများမှာ အရှိန်အဟုန်နဲ့ တိုးတက်လျက်ရှိနေပါတယ်။

တက်ညီလက်ညီဝိုင်းဝန်းဖော်ဆောင်

ဒါ့ကြောင့် နိုင်ငံတစ်ဝန်းလုံးမှာရှိနေတဲ့ ပြည်သူများဟာ အစိုးရ၊ တပ်မတော်နဲ့လက်တွဲပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးမယ့် လုပ်ရပ်မှန်သမျှ လုံးဝလက်ခံနိုင်ခြင်း မရှိတော့ဘဲ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို တက်ညီလက်ညီ ဝိုင်းဝန်းတည်ဆောက်သွားလိုသော ဆန္ဒများသာ ရှိနေကြပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပမှ သတင်းစာဆရာကြီးများခင်ဗျား–

မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသား ရှမ်းညီနောင်များဟာ ပဒေသရာဇ်စော်ဘွားစနစ်ရဲ့ နှိပ်စက်မှုအမျိုးမျိုးကို ကြုံတွေ့ခဲ့ရသူများဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပဒေသရာဇ်စော်ဘွားစနစ်ကို ဖျက်သိမ်းပြီးခဲ့တာကြာပြီဖြစ်သော်လဲ စော်ဘွားအဆက်အနွယ်များက ပဒေသရာဇ်စနစ်ကို ပြန်လည်အသက်သွင်းလိုတဲ့အတွက် ရှမ်းပြည်နယ်လွတ်မြောက်ရေး၊ ရှမ်းပြည်နယ်ခွဲထွက်ရေးစတဲ့ လူမျိုးစွဲ၊ ဒေသစွဲဝါဒကို မျက်နှာဖုံးစွပ်ပြီး ပြည်တွင်းပြည်ပ ချိတ်ဆက်ကာ ပြည်ထောင်စုပြိုကွဲရေးအတွက် လျှို့ဝှက်ကြံစည် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။

ဒီလိုကြံစည်လုပ်ဆောင်မှုမှာ ထင်ရှားတဲ့သာဓကအနေနဲ့ ပြည်ပြေး စဝ်ခမ်ဖရဲ့ ယာယီရှမ်းပြည်အစိုးရထူထောင်ခြင်းနှင့် ရှမ်းပြည်နယ်လွတ်မြောက်ရေး ကြေညာခြင်းဟာ အခြေအနေ အချိန်အခါနဲ့ လားလားမှအပ်စပ်ခြင်း မရှိဘဲ ပေါ်ပေါက်လာတဲ့ကိစ္စဖြစ်ပါတယ်။ ဒါ့ကြောင့်လဲ ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်တဲ့ တိုင်းရင်းသားအားလုံးက လက်ခံခြင်း၊ အသိအမှတ်ပြုခြင်း လုံးဝမရှိဘဲ ဆန့်ကျင်ခဲ့ကြပါတယ်။

ထွက်ပြေးခိုလှုံ

ဒီကိစ္စတွေနဲ့ဆက်စပ်ပြီး နယ်စပ်မှာခိုလှုံနေတဲ့ မူးယစ်ရာဇာ ရွက်ဆစ်ဟာ မိမိကျူးလွန်ထားတဲ့ ပြစ်မှုကြီးတွေကို နိုင်ငံရေးအသွေးအရောင်နဲ့ဖုံးကွယ်ချင်တဲ့အတွက် SURA ကနေ SSA (South) လို့အမည်ပြောင်းပြီး မြေပေါ်မြေအောက်ဆက်ဆံမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းက ဥပဒေဘောင်အတွင်း ဝင်ရောက်ထားတဲ့ SSNA စိုင်းရီကလဲ ရွက်ဆစ်အတွက် လက်နက်ခဲယမ်းများ ရှာဖွေစုဆောင်းပြီး လျှို့ဝှက်ပေးပို့ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီလုပ်ရပ်ကို တာဝန်ရှိသူများက သိရှိသွားတဲ့အတွက် SSNA စိုင်းရီဟာ ရွက်ဆစ်ထံ ထွက်ပြေးခိုလှုံခဲ့ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

SSA(တောင်ပိုင်း) ရွက်ဆစ်အဖွဲ့ဟာ ၎င်းတို့ရဲ့အကြမ်းဖက်လုပ်ရပ်တွေကို ဖုံးကွယ်လှည့်စားဖို့အတွက် ပြည်ပဆရာကြီးများ၊ ပြည်ပမီဒီယာများအားကိုးနဲ့ မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းတွေကို ဖန်တီးထုတ်လွှင့်ပြီး သူခိုးက လူလူဟစ်နေသူတွေ ဖြစ်ပါတယ်။

အကြမ်းဖက်အဖျက်သမားလုပ်ရပ်

ဒါပေမယ့် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ ဆိုတဲ့ စကားအတိုင်း ဆင်သေကို ဆိတ်ရေနဲ့ဖုံးနေတဲ့ SSA(တောင်ပိုင်း)ရွက်ဆစ်အဖွဲ့ရဲ့ လုပ်ရပ်ဟာ အကြမ်းဖက်အဖျက်သမားလုပ်ရပ်တွေ၊ ဘိန်းစားပြလုပ်ရပ်တွေသာ ဖြစ်ကြောင်း အတိအလင်း ဝန်ခံထွက်ဆိုမယ့်သူတွေ ထပ်ဆင့်ပေါ်ပေါက်လာပြန်ပြီး ဖြစ်ပါတယ်။ သူတို့ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)နမ့်ခမ်းဒေသမှ တိုင်းရင်းသားပြည်သူတွေက လုံးဝလက်မခံဘဲ ဆန့်ကျင်မှုကြောင့် တချို့အဖမ်းခံရ၊ တချို့လက်နက်ချခဲ့ကြရတဲ့ SSA(တောင်ပိုင်း)မှ တပ်မဟာ (၂၄၁) တပ်ဖွဲ့ဝင်တွေပဲ ဖြစ်ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

ရွက်ဆစ်ဟာ ၎င်းတို့ရဲ့ဌာနချုပ် လွယ်တိုင်းလျှံစခန်းမှာ ၂၀၀၄ခုနှစ် နိုဝင်ဘာလက အစည်းအဝေးလုပ်ပြီး ၂၀၀၅ခုနှစ် စီမံချက်ကို ချမှတ်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီစီမံချက်အရ စစ်ကြောင်းနှစ်ကြောင်းခွဲပြီး လူသစ်စုဆောင်းရေးနဲ့ အမာခံနယ်မြေတည်ဆောက်ရေးအတွက် တပ်မဟာ(၂၄၁)ကို စစ်ကိုင်းတိုင်းအထက်ပိုင်း နယ်မြေများသို့လည်းကောင်း၊ တပ်မဟာ(၇၅၆)ကို ပအိုဝ်းဒေသများဘက်သို့လည်းကောင်း ထိုးဖောက်ဝင်ရောက်ဖို့ စေလွှတ်ခဲ့ပါတယ်။

ဝင်ရောက်လှုပ်ရှားလာ

SSA (တောင်ပိုင်း)မှ စဝ်ခွန်ကျော် ဦးစီးအင်အား ၅၈ဦးပါ တပ်မဟာ (၂၄၁) ဟာ ၂၀၀၅ခုနှစ် နိုဝင်ဘာလမှာ စီမံချက်အတိုင်း စစ်ကိုင်းတိုင်းအထက်ပိုင်းနယ်မြေကို ဝင်ရောက်နိုင်ရေးအတွက် ပထမအဆင့်အဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ ဝင်ရောက်လှုပ်ရှားလာခဲ့ပါတယ်။

SSA(တောင်ပိုင်း)တပ်မဟာ(၂၄၁)ဟာ ၎င်းတို့နဲ့အတူ ဘိန်းမည်း၅၀ ကျပ်သား၊ WYစာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀နဲ့ ကျပ် ၁၀၀၀၀တန် ငွေစက္ကူအတုတွေ သယ်ယူလာခဲ့ပါတယ်။ လမ်းခရီးမှာတင် လူသစ် ၁၅ယောက်ကို အတင်းအဓမ္မ စုဆောင်းခဲ့ပါတယ်။ ဆက်ကြေးငွေတွေကိုလဲ ခြိမ်းခြောက်ပြီး ကောက်ခံခဲ့ပါတယ်။ လမ်းခရီးမှာ စဝ်ခွန်ကျော်ဟာ ၎င်းရဲ့အဖွဲ့ဝင်တွေထဲမှာ ဘိန်းကြိုက်သူကို ဘိန်းကျွေး၊ စိတ်ကြွဆေးပြားကြိုက်သူကို စိတ်ကြွဆေးပြားကျွေးပြီး အကြမ်းဖက်သောင်းကျန်းလိုစိတ်တွေ သက်ဆိုးရှည်အောင် လုပ်ဆောင်ပေးခဲ့ပါတယ်။

SSA (တောင်ပိုင်း)ရွက်ဆစ်အဖွဲ့ဟာ လူသစ်စုဆောင်းရာမှာ လူသစ်မပေးနိုင်ပါက တစ်ဦးအတွက် ငွေကျပ်ငါးသိန်း၊ ခြောက်သိန်းခန့် ကောက်ခံကြောင်း၊ ရွာငယ်လျှင် နှစ်ဦး၊ ရွာကြီးလျှင် သုံးဦး အတင်းအဓမ္မလူသစ်စုဆောင်းလေ့ရှိကြောင်း၊ အသက်ငယ်သည် ကြီးသည်မရွေးနိုင်ဘဲ ရရာကြုံရာကို စုဆောင်းကြောင်း၊ ဒါ့ကြောင့် အသက် ၁၅နှစ်ခန့်ရှိတဲ့ ငယ်ရွယ်သူ လူငယ်များလဲ ပါဝင်လေ့ရှိကြောင်း၊ တပ်မဟာ (၂၄၁)ရဲ့ လမ်းခရီးမှာပဲ သောင်းကျန်းသူ မလုပ်ချင်လို့ လူသစ်များရော တချို့လူဟောင်းတွေပါ ထွက်ပြေးခဲ့ကြကြောင်း သိရှိရပါတယ်။

လုံးဝလက်မခံ ဆန့်ကျင်ခဲ့

တာဝန်သိပြည်သူတွေရဲ့ သတင်းပေးချက်အရ တပ်မတော်စစ်ကြောင်းများက လိုက်လံချေမှုန်းခဲ့လို့ SSA(တောင်ပိုင်း)တပ်မဟာ(၂၄၁)ဟာ နမ့်ခမ်းတောင်ဘက်ခြမ်းနယ်မြေအတွင်းသို့ ခိုဝင်တိမ်းရှောင်လာခဲ့ရတာ ဖြစ်ပါတယ်။ နမ့်ခမ်းဒေသမှ တိုင်းရင်းသားပြည်သူတွေကလဲ အဲဒီ အကြမ်းဖက်သောင်းကျန်းသူများကို လုံးဝလက်မခံဘဲ ဆန့်ကျင်ခဲ့ကြပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

နမ့်ခမ်းဒေသဟာ တပ်မတော်အစိုးရလက်ထက်မှာ အခြားဒေသများနည်းတူ သောင်းကျန်းသူအဖျက်သမားများကင်းစင်ပြီး တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရှိနေတဲ့ ဒေသဖြစ်ပါတယ်။ နိုင်ငံတော်က ဖြည့်ဆည်းတည်ဆောက်ပေးနေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ဖြစ်ထွန်းနေတဲ့ နယ်မြေလဲဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားတွေဟာ အေးချမ်းတည်ငြိမ်ခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်ခြင်းရလဒ်တွေကို ရရှိခံစားနေကြရတာမို့ တည်ငြိမ်မှုပျက်ပြားအောင်၊ ဖွံ့ဖြိုးမှုဆုတ်ယုတ်အောင် လုပ်ဆောင်လာသူ မည်သူ့ကိုမဆို လုံးဝလက်မခံဘဲ ဆန့်ကျင်ဖယ်ရှားသွားကြမှာပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ SSA(တောင်ပိုင်း)တပ်မဟာ(၂၄၁) တစ်ဖွဲ့လုံးဟာ နမ့်ခမ်းဒေသအတွင်းမှ ကျေးရွာတွေကို မဝင်ရဲ မကပ်ရဲဘဲလူသူမနီးတဲ့ တောတောင်လျှိုမြောင်တွေကြားထဲမှာ တိမ်းရှောင်ပုန်းအောင်းနေခဲ့ကြရပါတယ်။ ပြည်သူတွေက လုံးဝအကပ်မခံဘဲ အဆက်ဖြတ်ထားတာကြောင့် အစာငတ်ရေငတ် ရိက္ခာပြတ်ပြီး စိတ်ဓာတ်ကျလာပါတယ်။ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့ နံနက်ပိုင်းမှာ တပ်ကြပ်ကြီးအဆင့်ရှိသူ ထွန်းကျော်အပါအဝင် ၁၁ဦးဟာ လက်နက်မျိုးစုံ ၁၈လက်နဲ့အတူ လက်နက်ချခဲ့ပါတယ်။

ထပ်မံဖမ်းဆီးရမိ

မိမိတပ်မတော်စစ်ကြောင်းများဟာ ပြည်သူလူထုရဲ့ အကူအညီနဲ့ ရန်သူခိုအောင်းနိုင်တဲ့နေရာတွေကို ဝိုင်းပတ်ပိတ်ဆို့ထားပြီး ဆက်လက်ရှာဖွေဖော်ထုတ်ခဲ့ပါတယ်။ ဇန်နဝါရီလ ၂ရက်နေ့ မွန်းလွဲ၁၂နာရီခွဲမှာ ပြေးရလွှားရနဲ့

စာမျက်နှာ ၆ ကော်လံ ၁

20-1 (05).p65 1 3/25/1905, 12:51 AM

စာမျက်နှာ ၅ မှ

ထမင်းငါးရက်မစားရဘဲ အားပြတ်နေတဲ့ သံချောင်း(ခ) စဝ်ခွန်ကျော် ဦးစီး SSA(တောင်ပိုင်း)တပ်မဟာ(၂၄၁)မှတပ်ဖွဲ့ဝင်၂၇ဦးကို လက်နက်မျိုးစုံ ၄၂လက်၊ ဆက်စပ်ပစ္စည်းတွေနဲ့အတူ လက်ရဖမ်းဆီးနိုင်ခဲ့ပါတယ်။ မကြာခင် မှာပဲ လူစုကွဲနေတဲ့ တပ်ကြပ်ကြီးအဆင့်ရှိ စိုင်းရီနဲ့တစ်ဦးကို ဆက်လက် ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီနေ့မှာပဲ လက်ကျန်သောင်းကျန်းသူ၁၀ဦးကို ထပ်မံ ဖမ်းဆီးရမိခဲ့ပါတယ်။

လမ်းခရီးမှာ တပ်မတော်စစ်ကြောင်းတွေရဲ့ လိုက်လံချေမှုန်းမှုကြောင့် သောင်းကျန်းသူလေးဦး သေဆုံးပြီး လူသစ်လေးဦး ထွက်ပြေးလွတ်မြောက် သွားကြောင်း သိရပါတယ်။ လက်ကျန်သောင်းကျန်းသူ ၅၀စလုံးကတော့ ဒေသခံပြည်သူတွေက လုံးဝလက်မခံဘဲ ဆန့်ကျင်တဲ့အတွက် ရပ်တည်ရာမရ တော့ဘဲ အခုလိုအလင်းဝင်ရောက်ခြင်း၊ အဖမ်းခံရခြင်းဖြစ်ပါတယ်။ SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁)ထံမှ လက်နက်မျိုးစုံ ၆၃လက်နဲ့ ဆက်စပ် ခဲယမ်းပစ္စည်းများ၊ ငွေစက္ကူအစစ် ကျပ် ၅၅၄၃၀၀၀၊ ကျပ်၁၀၀၀တန် ငွေ စက္ကူအတု ၅၇၁ရွက်နဲ့ ရွှေချောင်းနှစ်ချောင်း သိမ်းဆည်းရမိခဲ့ပါတယ်။

ဒီဖြစ်ရပ်နဲ့ တစ်ဆက်တည်းမှာပဲ အကြမ်းဖက်အဖျက်သမား သောင်း ကျန်းသူတွေရဲ့လုပ်ရပ်ကို လုံးဝလက်မခံဘဲ ဆန့်ကျင်နေကြတဲ့ ဒေသခံပြည် သူများရဲ့ ဆက်လက်သတင်းပေးမှုကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မုံးရင် ဒေသမှာ SSNAစိုင်းရီနဲ့အဖွဲ့က မြေမြှုပ်ပြီး သိုဝှက်ထားတဲ့ လက်နက်မျိုးစုံ ၃၆လက်နဲ့ဆက်စပ်ပစ္စည်းတွေကို ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၁ရက်နေ့မှာ ဖော်ထုတ်သိမ်းဆည်းရရှိခဲ့ပြန်ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်ဖွဲ့ဝင်တွေရဲ့ ထွက်ဆိုချက်အရ SSA(တောင်ပိုင်း)ရှက်ဆစ်အဖွဲ့ဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဟိုမိန်းဒေသ အရှေ့ဘက် တစ်ဖက်နိုင်ငံနဲ့ နယ်စပ်တစ်နေရာ လွယ်တိုင်းလျှံမှာ ဌာနချုပ် ထားရှိကြောင်းနဲ့ အမာခံအင်အား ၄၀၀ခန့်သာရှိကြောင်း သိရပါတယ်။ ၎င်းရဲ့ ယောက္ခမတော်သူ SSA (တောင်ပိုင်း) စစ်ဦးစီးချုပ် စဝ်ခေးဝင် တို့သာ သိရှိနိုင်ကြောင်း၊ ထိုနေရာ၌ မူးယစ်ဆေးဝါးထုတ်လုပ်ပြီး ငွေစက္ကူ အတုများပြုလုပ်သည်ဟု ၎င်းတို့ ထင်မြင်ယူဆကြောင်း သိရပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

မူးယစ်ရာဇာဖြစ်တဲ့ ရှက်ဆစ်ဟာမူးယစ်ဆေးဝါးလုပ်ငန်းတွေကို ၎င်းရဲ့ လူယုံတွေနဲ့ ပြုလုပ်နေသလို ငွေစက္ကူအတုတွေကိုလဲ ၎င်းရဲ့ လူယုံတွေနဲ့ ပြုလုပ်နေကြောင်း သိရပါတယ်။

၁၉၉၉ခုနှစ်က ရှက်ဆစ်အဖွဲ့ဟာ ငွေစက္ကူအတု ကျပ်သိန်း ၅၀၀ဖိုး ရိုက်နှိပ်ထုတ်လုပ်ပြီး မူဆယ်–နမ့်ခမ်းဒေသသို့ တောလမ်းအတိုင်း လျှို့ဝှက် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းများရရှိခဲ့ပါတယ်။ ၎င်းသတင်းနဲ့ ဆက်စပ် နေတဲ့ ဖမ်းဆီးရမိဖြစ်စဉ်တစ်ခုလဲရှိခဲ့ပါတယ်။ ၁၉၉၇ခုနှစ် ဒီဇင်ဘာလ၁၂ရက် နေ့က ကျပ်၅၀၀တန် ငွေစက္ကူအတုတွေနဲ့ မန္တလေးမြို့ရှိ မောင်ကိန်းရွှေဆိုင်မှာ ရွှေလာဝယ်သူတစ်ဦးကို ဖမ်းမိခဲ့ပါတယ်။ ၎င်းတည်းခိုနေတဲ့ မန္တလေးမြို့ ချမ်းမြသာစည်ရှိ ဦးမောင်စိန်ရဲ့အိမ်ကို ဆက်လက်ရှာဖွေရာမှာ ကျပ် ၅၀၀တန် ငွေစက္ကူအတု ရွက်ရေ ၂၀၀၀၊ ယမ်းပျော့ ၄၃ခု၊ ယမ်းကြိုး ၅၈ပေ၊ လျှပ်စစ် ဒီတိုနေတာ ၁၃ခု၊ စကားပြောစက်ကို သိမ်းဆည်းရမိခဲ့ပါတယ်၊ ဖမ်းမိသူများရဲ့ ထွက်ဆိုချက်အရ မန္တလေးမြို့မှာ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးဖို့ ရှက်ဆစ် အဖွဲ့က ၎င်းငွေစက္ကူအတုတွေနဲ့ ခဲယမ်းတွေကို ပေးပို့စီစဉ်ခဲ့တာဖြစ်ကြောင်း သိရှိရပါတယ်။

လာရောက်ခိုအောင်း

၂၀၀၄ခုနှစ် ဒီဇင်ဘာလမှာ ရှက်ဆစ်ရဲ့ စီးပွားရေးလူယုံ လုံးဟိန်နန်ဒီ နေထိုင်တဲ့ ချင်းမိုင်ခရိုင်ရှိ တိုက်ခန်းကို ထိုင်းရဲက သတင်းအရ ဝင်ရောက် ရှာဖွေရာမှာ ငွေစက္ကူအတုပြုလုပ်တဲ့စက်နဲ့ စာရွက်စာတမ်းများ သိမ်းဆည်း ရမိခဲ့ကြောင်း၊ လုံးဟိန်နန်ဒီ ထွက်ပြေးလွတ်မြောက်သွားပြီး လွယ်တိုင်းလျှံရှိ ရှက်ဆစ်ထံမှာ လာရောက်ခိုအောင်းလျက်ရှိကြောင်း၊ လုံးဟိန်နန်ဒီဟာ နန့်ပန် ချောင်းရွာ ဥက္ကဋ္ဌဖြစ်ပြီး လွယ်တိုင်းလျှံသို့ စခန်းပြောင်းရွှေ့စဉ် ရှက်ဆစ်က

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

လူသတ်၊ မီးရှို့၊ ဆက်ကြေးကောက်၊ ဘိန်းကုန်ကူးနေတဲ့ ရှက်ဆစ်ရဲ့ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထဲကို ဘယ်တိုင်းရင်းသား၊ ဘယ်တိုင်းရင်းသူ ဟူသမျှ ဝင်ရောက်လိုကြတာမဟုတ်ပါဘူး။ အသက်ဘေးကြောင့် မတတ်သာ လို့ လိုက်ပါခဲ့ရသူတွေဟာလဲ ရှက်ဆစ်အဖွဲ့ထဲက ပြန်လည်ထွက်ပြေးဖို့ အမြဲ ကြံရွယ်နေကြပါတယ်။ ထွက်မပြေးရဲအောင် လူသူရှေ့မှာ သတ်ဖြတ်ပြမှုတွေ ထွက်ပြေးသူတွေရဲ့ မိဘဆွေမျိုးတွေကို လိုက်လံသတ်ဖြတ်မှုတွေကိုလဲ လက်မရွံ့ လူသတ်သမားများသဖွယ် ရှက်ဆစ်အဖွဲ့က ကျူးလွန်နေပါတယ်။

မျိုးဖြုတ်သတ်ဖြတ်မှုလုပ်

ဒီဖြစ်စဉ် အကြောင်းအရာတွေကို ကျွန်တော်တို့ အထောက်အထားမရှိ ဘဲနဲ့ စွပ်စွဲပြောကြားနေတာ မဟုတ်ပါဘူး။ ၂၀၀၅ခုနှစ်အတွင်းမှာ အလင်း ဝင်ရောက်လာတဲ့ ရှက်ဆစ်အဖွဲ့မှ တပ်သားအဆင့်ရှိသူ စိုင်းရီက SSA (တောင်ပိုင်း) ရှက်ဆစ်အဖွဲ့ဟာ လူသစ်အဖြစ်စုဆောင်းထားတဲ့ လူငယ်တွေ နောက်ကြောင်းရှင်းအောင်၊ မိဘဆွေမျိုးအပေါ်ခြင်တွယ်ပြီး ထွက်မပြေးရဲအောင် မျိုးဖြုတ်သတ်ဖြတ်မှု လုပ်နေကြောင်း၊ ၎င်းရဲ့မိဘနှစ်ဦးကို ရှက်ဆစ်အဖွဲ့က ၎င်းတို့ရွာသို့သွားရောက်ပြီး သတ်ဖြတ်ပစ်ခဲ့ကြောင်း ရှင်းလင်းပြောကြား ထွက်ဆိုခဲ့ပါတယ်။ ၎င်းရဲ့ထွက်ဆိုချက်မှတ်တမ်းများလဲ ရှိထားပါတယ်။

၂၂–၁၀–၂၀၀၅ ရက်နေ့ကလဲ SSA(တောင်ပိုင်း) တပ်မဟာ (၇၅၉)မှ သောင်းကျန်းသူ ၅၀ခန့်ဟာ ကွန်ဟိန်းမြို့နယ် ဝမ်လော့ကျေးရွာကို ဝင်ရောက် ပြီး အရွယ်မရောက်သေးသူ ကလေးငယ်များဖြစ်တဲ့ အိုက်လူ ၁၀နှစ်၊ အိုက်စိုင်း ၁၃နှစ်၊ ခမ်းအွန် ၁၃နှစ်နဲ့ အိုက်ပီး ၁၆နှစ်တို့ကို လူသစ်အဖြစ် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။

၂၀၀၅ခုနှစ်အတွင်းမှာ ရှက်ဆစ်အဖွဲ့က အတင်းအဓမ္မဖမ်းဆီးပြီး လူသစ် စုဆောင်းခံရတဲ့အထဲမှ ပြန်လည်ထွက်ပြေးလာသူတွေကတော့ ကျိုင်းတောင်မြို့ ပတ်ဝန်းကျင်ကျေးရွာများမှ စိုင်းမိန်း ၁၅နှစ်၊ အိုက်စိုင်း ၁၉နှစ်နဲ့ စိုင်းအောင် မိန်း ၁၉နှစ်နဲ့ စိုင်းကျော်လင်း စသူတို့ပဲဖြစ်ပါတယ်။

အကြမ်းဖက်လုပ်ရပ်တွေကို SSA(တောင်ပိုင်း) ရှက်ဆစ်အဖွဲ့က တစိုက်မတ်မတ် လုပ်နေတာကြာပြီ ဒေသခံတိုင်းရင်းသားပြည်သူတွေဟာ ရှက်ဆစ်အဖွဲ့နောက်ကို လူလိုက်နိုင်ရင်လိုက်၊ မလိုက်နိုင်ရင်ငွေပေးကြရတယ်

ဒါ့အပြင် လွယ်တိုင်းလျှံစခန်းအနီးမှာ ကျေးရွာတချို့ရှိကြောင်း၊ ဒါဟာ လွယ်တိုင်းလျှံစခန်းကို အကာအကွယ်ဖြစ်စေရန်နှင့် ရုပ်ပြကောင်းစေရန်အတွက် ကျေးရွာများကို အဓမ္မရွှေ့ပြောင်း နေရာချထားတာဖြစ်ကြောင်းလဲ သိရပါ တယ်။ အဲဒီရွာတွေဟာ NCGUBရဲ့ လက်အောက်ခံ အမျိုးသားကျန်းမာရေး ပညာရေးကော်မတီ NHEC ရဲ့ အထောက်အပံ့တွေကို ရရှိနေကြောင်း၊ ICRCနဲ့ အခြားအဖွဲ့တွေကလဲ ဆေးဝါးနဲ့ လစာငွေများ ထောက်ပံ့ကြောင်း၊ ပြည်ပရှိ Free Burma Ranger အဖွဲ့မှ အမေရိကန်၊ ပြင်သစ်နိုင်ငံသား David Ubank ဇနီးမောင်နှံက ရှက်ဆစ်အဖွဲ့အား ငွေကြေးအများဆုံး ထောက်ပံ့နေကြောင်း သိရပါတယ်။

SWANအဖွဲ့မှ ရှမ်းတိုင်းရင်းသူ နန်းချန်တောင်းဟာ SSA(တောင်ပိုင်း) အဖွဲ့မှ တပ်မဟာမှူးဟောင်းတစ်ဦးရဲ့ သမီးဖြစ်ပြီး လွယ်တိုင်းလျှံစခန်းသို့ မကြာခဏ လာရောက်လေ့ရှိကြောင်း၊ SSA (တောင်ပိုင်း)အဖွဲ့ဟာ KNU, NPP, CNF,ALP သောင်းကျန်းသူ အဖွဲ့တွေနဲ့လဲ ဆက်သွယ်သွားလာမှု ရှိကြောင်း သိရပါတယ်။

ရှက်ဆစ်အဖွဲ့ဟာ ၎င်းတို့ထိန်းချုပ်ရာ နယ်မြေများမှာ ဒေသခံပြည်သူ တွေကို ဘိန်းစိုက်ပျိုးစေကြောင်း၊ ထွက်ရှိလာတဲ့ ဘိန်းများကို ဘိန်းခွန် ကောက်ရုံမက SSA (တောင်ပိုင်း)အဖွဲ့သို့သာ မပျက်မကွက် ရောင်းချစေ ကြောင်း၊ ဘိန်းခွန်ကောက်ခံရရှိသော ဘိန်းများနဲ့ ဝယ်ယူရရှိတဲ့ ဘိန်းတွေကို ချက်လုပ်ပြီး တစ်ဖက်နိုင်ငံမှတစ်ဆင့် ရောင်းချကြောင်း၊ SSA (တောင်ပိုင်း) တပ်မဟာ(၁၉၈) နယ်မြေနှင့် တပ်မဟာ(၇၅၆) နယ်မြေတွေမှာ ဘိန်းအမြောက် အမြားစိုက်ပျိုးကြောင်း၊ ၎င်းတို့ထိန်းချုပ်ထားတဲ့ ကျေးရွာအချို့မှာ ဘိန်းချက် စက်ရုံများရှိကြောင်း သိရပါတယ်။

ရှက်ဆစ်ဟာ မူးယစ်ဆေးဝါးလုပ်ငန်းကို ၎င်းရဲ့ လူယုံတပည့်များနဲ့သာ လျှို့ဝှက်လုပ်ကိုင် ရောင်းချနေတာဖြစ်ပါတယ်။ အဲဒီလိုရောင်းချဖို့ ဆောင်ရွက် စေခဲ့ရာ ၇–၃–၂၀၀၅ရက်နေ့က ရှက်ဆစ်ရဲ့လူယုံ ဗိုလ်ကြီးအဆင့်ရှိသူ စိုင်းထွန်း(ခ)နိုင်ထွန်းဝိဝပ်ရန်အရန်ကို ထိုင်းရဲအဖွဲ့က မယ်ဟောင်ဆောင်ခရိုင် ပန်မာဖမြို့နယ်မှာ အလေးချိန် ၁၂ကီလိုဂရမ်ရှိတဲ့ ဘိန်းဖြူထုပ် ၁၇၄ထုပ်နှင့် အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါ့အပြင် ရှက်ဆစ်ရဲ့ လူယုံ ဗိုလ်ကြီးအဆင့်ရှိသူ တိမာဆိုသူဟာ မူးယစ်ဆေးဝါးများသယ်ယူဖို့ လာရောက်စဉ်မှာ ထိုင်းရဲနဲ့ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပြီး သေဆုံးသွားခဲ့ပါတယ်။ အဲဒီဖြစ်စဉ်ကို ၁၆–၃–၂၀၀၅ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ အကျယ်တဝင့် ရှင်းလင်း ပြောကြားပြီးဖြစ်ပါတယ်။ အဲဒီဖြစ်စဉ်ရဲ့ အထောက်အထားဓာတ်ပုံများကို ကြည့်ရှုလေ့လာနိုင်အောင် ခန်းမတွင်းမှာ ခင်းကျင်းပြသထားပါတယ်။

စိတ်ကြွဆေးပြားထုတ်လုပ်

ဒါ့အပြင် SSA(တောင်ပိုင်း)ဌာနချုပ် လွယ်တိုင်းလျှံအနီးရှိ စခန်းတစ်ခု မှာ ရှက်ဆစ်အဖွဲ့ရဲ့ စိတ်ကြွဆေးပြားထုတ်လုပ်သည့် စက်ရုံလေးရုံထားရှိပြီး စိတ်ကြွဆေးပြားများ ထုတ်လုပ်လျက်ရှိကြောင်း၊ လက်အောက်ခံ တပ်မဟာ တစ်ခုချင်းအလိုက် စိတ်ကြွဆေးပြားထုတ်လုပ်တဲ့ စက်တစ်လုံးစီ ထားရှိပြီး ငွေကြေးရှာဖွေသွားရန် ရှက်ဆစ်က ညွှန်ကြားထားကြောင်းလဲ သတင်းများရရှိ ခဲ့ပါတယ်။

SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁) တပ်ဖွဲ့ဝင်အချို့ရဲ့ ထွက်ဆိုချက် အရ လွယ်တိုင်းလျှံစခန်းမှာ ကန့်သတ်နယ်မြေတစ်ခုရှိကြောင်း၊ ၎င်းနယ်မြေ အား တားမြစ်ဂိတ် လေးနေရာထားရှိပြီး ကာကင်းကုန်း သုံးကုန်းဖြင့် လုံခြုံရေး ထူထပ်စွာချထားကြောင်း၊ အဆိုပါ ကန့်သတ်နယ်မြေ၌ ရေရရှိသော ကျောက်လိုဏ်ဂူရှိသည်ဟု သိရကြောင်း၊ ၎င်းကန့်သတ်နယ်မြေနှင့် ပတ်သက် ၍ ရှက်ဆစ်က အထူးလျှို့ဝှက်ထားရှိပြီး ၎င်းလျှို့ဝှက်ချက်များကို ရှက်ဆစ်နဲ့ တစ်ပါတည်း ခေါ်ဆောင်လာသူဖြစ်ကြောင်း၊ လွယ်တိုင်းလျှံအနီးရှိ ရွာတစ်ရွာ တွင် ငွေစက္ကူအတုပြုလုပ်သည့် စက်ရှိသည်ဟု ကြားသိရကြောင်း SSA (တောင်ပိုင်း)တပ်မဟာ(၂၄၁) တပ်ဖွဲ့ဝင်အချို့က ထွက်ဆိုထားကြပါတယ်။

ထို့အတူပဲ SSA (တောင်ပိုင်း)မှ စဝ်ခွန်ကျော်နဲ့ တပ်မဟာ(၂၄၁) တစ်ဖွဲ့လုံးကို လက်ရဖမ်းဆီးရမိတဲ့အချိန်မှာ ၎င်းတို့ထံမှ ကျပ် ၁၀၀၀တန် ငွေစက္ကူအတု ၅၇၁ရွက်ကိုပါ သိမ်းဆည်းရမိခဲ့ပါတယ်။

မိန်းမလိုက်စားသူဖြစ်

ရှက်ဆစ်ဟာ တစ်ဖက်နိုင်ငံ ဝိန်းဟေမြို့အနီး ကောလွန်ရွာမှာ အိမ်တစ် အိမ်ရှိပြီး ချင်းမိုင်မြို့မှာ အိမ်နှစ်အိမ်ရှိကြောင်း၊ တရားဝင်ဇနီး နှစ်ယောက်ရှိ ကြောင်း၊ အခြားမိန်းမငယ်လေးများနှင့်လဲ အမြဲလို ပျော်ပါးနေထိုင်သူဖြစ် ကြောင်း၊ မိန်းမလိုက်စားသူဖြစ်ကြောင်း၊ ယခင်က အဆိုပါ ၎င်းပိုင် နေအိမ် များတွင်သာ လှည့်လည်နေထိုင်ခဲ့ပြီး ၎င်းရဲ့လူယုံ စိုင်းထွန်း(ခ) နိုင်ထွန်း ဝိဝပ်ရန်အရန် မူးယစ်ဆေးဝါးအမှုနဲ့ ထိုင်းရဲရဲ့ အဖမ်းခံရပြီးနောက်ပိုင်းမှသာ လွယ်တိုင်းလျှံမှာ နေထိုင်ကြောင်း၊ SSA(တောင်ပိုင်း)ဌာနချုပ်၌ အခမ်းအနား များ ပြုလုပ်သည့်အခါတိုင်း BBC, VOA,RFA,DVB အသံလွှင့်ဌာနများမှ သတင်းသမားတွေ လာရောက်လေ့ရှိကြောင်း သိရပါတယ်။

SSA(တောင်ပိုင်း) အကြမ်းဖက်သောင်းကျန်းသူ ရှက်ဆစ်ဟာ သူ့ရဲ့ သဘောထားအဖြစ် ရှမ်းပြည်နယ်လွတ်မြောက်ရေးကိုသာ လိုလားကြောင်း၊ ခွဲထွက်ခွင့်မရပါက (၈)ပြည်နယ် ဖက်ဒရယ်စနစ် (၎င်းတို့အခေါ် ဖက်ဒရယ် ပြည်ထောင်စုစစ်စစ်) ကိုသာ ရလိုကြောင်း၊ ယနေ့ နိုင်ငံတော်က ဖော်ဆောင် နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ လက်ရှိကျင်းပနေတဲ့ အမျိုးသားညီလာခံကို ဆန့်ကျင်ကြောင်း အသံကောင်းဟစ်နေတာ တွေ့ရပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

အဲဒီလို အသံကောင်းဟစ်ပြီး ဟန်ရေးပြနေတဲ့ ရှက်ဆစ်ရဲ့ နောက် ကွယ်မှ လုပ်ရပ်တွေကို ဆန်းစစ်ကြည့်ရင် ရှမ်းပြည်နယ်လွတ်မြောက်ရေး ဆိုတာကို ဗန်းပြပြီး ရှမ်းပြည်နယ်မှာ ပဒေသရာဇ်စနစ် ပြန်လည်ခေါင်းထောင် ထလာအောင် လုပ်ဆောင်နေတာ တွေ့ရမှာဖြစ်ပါတယ်။ ရှက်ဆစ်ဟာ လက်နက်ကိုင်သောင်းကျန်းမှုလမ်းစဉ်နဲ့ ကိုယ်ကျိုးစီးပွားရှာနေသူသာ ဖြစ်ပါ တယ်။ ပြည်ပအားကိုးနဲ့ မီဒီယာရှေ့မှာတစ်မျိုး၊ လက်နက်အားကိုးနဲ့ တောထဲမှာ တစ်ဖုံ လုပ်နေသူပဲ ဖြစ်ပါတယ်။

အကြမ်းဖက် အဖျက်လုပ်ရပ်တွေကို SSA (တောင်ပိုင်း) ရှက်ဆစ်အဖွဲ့က တစိုက်မတ်မတ် လုပ်နေခဲ့တာ ကာလကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ အဖျက်လုပ်ရပ်တွေကို ကောက်နုတ်ဖော်ပြရရင် ၂၀၀၅ခုနှစ် မေလက ရှမ်းပြည် နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းမှ အစွန်အဖျားကျတဲ့ ကျေးရွာတွေမှ တစ်အိမ်ထောင် လျှင် လူသစ်တစ်ယောက်၊ အနည်းဆုံး ကျေးရွာအုပ်စုတစ်စုလျှင် လူသစ်ခုနစ် ယောက်ပေးဖို့ ဆင့်ဆိုပြီး အဓမ္မလူသစ်စုဆောင်းခဲ့ပါတယ်။

မိသားစုတကွဲတပြား

ဒေသခံတိုင်းရင်းသားပြည်သူတွေဟာ ရှက်ဆစ်အဖွဲ့နောက်ကို လူလိုက် နိုင်ရင်လိုက် မလိုက်နိုင်ရင် ငွေပေးကြရပါတယ်။ လူလဲမလိုက်နိုင်၊ ငွေလဲမတတ် နိုင်တဲ့ တိုင်းရင်းသားလူငယ်အများအပြားဟာ ရှက်ဆစ်အဖွဲ့ရဲ့ အန္တရာယ်က လွတ်ကင်းရာ လွိုင်လင်၊ တောင်ကြီး၊ မန္တလေးစတဲ့ မြို့ကြီးတွေကို သွားရောက် ပြီး ကိုရင်ဝတ်၊ ဦးပဉ္စင်းဝတ်နဲ့ နေကြရပါတယ်။ တချို့လဲ ကြုံရာကျပန်း အလုပ်လုပ်ပြီး နေကြရပါတယ်။ မိသားစုတွေ တကွဲတပြား ဖြစ်နေကြရပါတယ်။ ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး ဖြစ်စဉ်အသေးစိတ်ကို ကြည့်ရှုလေ့လာနိုင် အောင် လက်တွေ့ကွင်းဆင်း ရိုက်ကူးထားတဲ့ ဗီဒီယိုမှတ်တမ်းအခွေများ၊ စာရွက်စာတမ်းများကို ခင်းကျင်းပြသထားပါတယ်။

အဲဒီလို ရှက်ဆစ်အဖွဲ့က အတင်းဓမ္မလူသစ်စုဆောင်းနေတာကို ကြောက်ရွံ့ ပြီး ကျိုင်းတောင်မြို့ ပတ်ဝန်းကျင်မှလူငယ်၃၅ဦးဟာ ရှင်သာမဏေပြုခဲ့ကြ ပါတယ်။ ကျိုင်းတောင်မြို့ ဝိန်းဟိုင်းကျောင်းတိုက်မှ သုံးပါး၊ ပါဆန်ကျောင်း တိုက်မှာ ကိုးပါး၊ သာသနာ့ရက္ခိတကျောင်းတိုက်မှာ သုံးပါး၊ တောင်နမ့်တွန် ကျောင်းတိုက်မှာ ၁၁ပါးနဲ့ ဝိန်းကောင်ကျောင်းတိုက်မှာ ကိုးပါး ရှင်သာမဏေ ပြုလျက်ရှိနေကြပါတယ်။

အလားတူဖြစ်ရပ်ဆိုးတွေနဲ့ ကြုံတွေ့ခဲ့ရတဲ့ ဒေသခံတိုင်းရင်းသားပြည်သူ တွေကိုယ်တိုင် ဖြစ်ရပ်မှန်တွေကိုပြောပြဖို့ ဒီခန်းမအတွင်းမှာ ရောက်ရှိနေကြ ပါတယ်။ သံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများ ယခု သတင်းစာ ရှင်းလင်းပွဲအပြီးမှာ မေးမြန်းလိုက မေးမြန်းနိုင်ကြမှာ ဖြစ်ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

အဲဒီလို ဒေသခံတိုင်းရင်းသားတွေကို နှိပ်ထက်စီးနင်းလုပ်နေတဲ့ ရှက်ဆစ် အဖွဲ့ဟာ လူမျိုးရေးအခြေခံနဲ့ အခြားတိုင်းရင်းသားတွေအပေါ်မှာလဲ ရွာလုံးကျွတ် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှုတွေ၊ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးမှုတွေ၊ အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုတွေကို အစဉ်တစိုက် ကျူးလွန်ခဲ့ကြောင်း ယခင်သတင်းစာ ရှင်းလင်းပွဲအဆက်ဆက်မှာ သက်သေခံအထောက်အထားများနဲ့တကွ ရှင်းလင်း တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အသေးစိတ်ဖြစ်စဉ်တွေကို စာရွက်စာတမ်းများနဲ့တကွ ခန်းမရဲ့ နောက် ဘက်မှာ ခင်းကျင်းပြသထားပါတယ်။ အဲဒီအထဲက ဖြစ်ရပ်တစ်ခုကို ဖော်ပြ ရမယ်ဆိုရင် ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလ ၃ရက်ညမှာ မိုင်းရှူးရတနာမြေမှာ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့လို့ လူ ၁၂၀ကျော်သေဆုံးပြီး ၅၀ကျော် ဒဏ်ရာ ရရှိခဲ့ပါတယ်။ ၂၀၀၂ခုနှစ်မှာ အလင်းဝင်လာတဲ့ ရှက်ဆစ်အဖွဲ့မှ တပ်စုမှူး အိုက်မောင်းရဲ့ထွက်ဆိုချက်အရ အဲဒီမိုင်းရှူးရတနာမြေမီးလောင်ပေါက်ကွဲမှုဟာ SSA(တောင်ပိုင်း)ရှက်ဆစ်အဖွဲ့ရဲ့လက်ချက်ဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။

မီးရှို့ဖျက်ဆီး

၂၀၀၅ခုနှစ် မတ်လ ၂၆ရက်နေ့ နံနက်ပိုင်းမှာ တပ်မတော်စစ်ကြောင်းနဲ့ ရှက်ဆစ်ရဲ့ အကြမ်းဖက်သောင်းကျန်းသူ ၆၀ခန့် လဲချားမြို့နယ်အတွင်းမှာ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ အဲဒီအဖွဲ့ဟာ ၎င်းတို့ဆုတ်ခွာရာ လမ်းကြောင်း တစ်လျှောက်မှာရှိတဲ့ ပအိုဝ်းတိုင်းရင်းသား ကျေးရွာတွေကို ရက်ရက်စက်စက် မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။

အဲဒီအကြမ်းဖက်လုပ်ရပ်ကြောင့် ပင်လုံမြို့နယ် ထီးတစ်ခုရွာမှာ အိမ်ခြေ ၃၂လုံးနဲ့ မူလတန်းကျောင်း၊ နောင်တေးရွာမှာ အိမ်ခြေ ၃၈လုံး၊ မုံးလွတ် ရွာမှာ အိမ်ခြေ ၁၄လုံး၊ ပန်မိုင်းရွာမှာ အိမ်ခြေ ၂၇လုံး မီးရှို့ဖျက်ဆီးခံရပြီး လူဦးရေ ၅၀၀နီးပါးခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။

၂၀၀၅ခုနှစ် နိုဝင်ဘာလ ၂၂ရက်နေ့ကလဲ SSA (တောင်ပိုင်း)ရှက်ဆစ် အဖွဲ့မှ သောင်းကျန်းသူ ၅၀ခန့်ဟာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်း မြို့နယ် ပါဟုတ်ကျေးရွာအနောက်ဘက်တောထဲမှာ သစ်ဆွဲနေတဲ့ ကွန်ဟိန်းမြို့ ပေါ်မှ အရပ်သား ၁၀ဦးကို ဖမ်းခေါ်သွားပြီး သတ်ဖြတ်ပစ်ခဲ့ကြောင်း သိရ ပါတယ်။

အဓမ္မဆက်ကြေးကောက်

အဲဒီလို လူသတ်လိုက်၊ မီးရှို့လိုက်လုပ်နေတဲ့ ရှက်ဆစ်အဖွဲ့ဟာ တိုင်းရင်း သားပြည်သူတွေဆီက အဓမ္မဆက်ကြေးကောက်နေပါတယ်။ SSA(တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ တပ်ဖွဲ့ဝင်တွေရဲ့ဝန်ခံထွက်ဆိုချက်ကိုကြည့်ရင် သူတို့ရဲ့ အဓမ္မဆက်ကြေးကောက်မှုကို ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမှာဖြစ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁

စာမျက်နှာ ၆ မှ

အဲ့ဒီအဖွဲ့ဟာ လမ်းခရီးတစ်လျှောက်မှာ ကျိုင်းတောင်း–ကျိုင်းခမ်းသစ်လုပ်ကွက်မှ ဆက်ကြေးငွေကျပ် ၁၃သိန်း၊ ရပ်စောက်–နောင်ဝိုးခွင်မှ ဆက်ကြေးငွေကျပ် ၁၅သိန်း၊ နောင်လုံခွင်မှ ဆက်ကြေးငွေကျပ် ငါးသိန်းကို ခရီးသွားဟန်လွှဲ ကောက်ခံခဲ့တာဖြစ်ပါတယ်။

ဒီနေရာမှာ Lisenced to Rape ဆိုတဲ့အတိုင်း လက်တွေ့ကျင့်သုံးနေတာဟာ SSA (တောင်ပိုင်း)ရှက်ဆစ်အဖွဲ့ဖြစ်ကြောင်းကို ၎င်းတို့ရဲ့ လူမဆန်တဲ့ လုပ်ရပ်များအား သာဓကထားပြီး ဖော်ပြလိုပါတယ်။

၁၉၉၇ခုနှစ် ဇန်နဝါရီ ၁၈ရက် ညပိုင်းက ရှက်ဆစ်ရဲ့အကြမ်းဖက်သောင်းကျန်းသူ ၂၀ ခန့်ဟာ နမ့်စန်မြို့နယ်ရှိ မီးသွေးကုန်းကျေးရွာကို မီးတင်ရှို့ပြီး လက်နက်များနဲ့ပစ်ခတ်မှုကြောင့် ရွာသူရွာသား၊ ကလေးလူကြီး ၁၃ယောက် သေဆုံးကာ ရှစ်ယောက်ဒဏ်ရာရရှိခဲ့ပါတယ်။ ဒါ့အပြင် ရှက်ဆစ်အဖွဲ့ဟာ ကျေးရွာသူ အမျိုးသမီးများကိုလဲ အဓမ္မပြုကျင့်သွားခဲ့ကြပါတယ်။

၁၉၉၇ခုနှစ် ဇွန်လ ၁၃ရက်နေ့ကလဲ ရှက်ဆစ်ရဲ့အကြမ်းဖက်သောင်းကျန်းသူ ၄၀ခန့်ဟာ ကွန်ဟိန်း–ကျိုင်းတုံ ကားလမ်းပေါ်မှာ ခရီးသွားမော်တော်ယာဉ်အစီး ၃၀ကို တားဆီးပြီး ဆက်ကြေးကောက်ခံခဲ့ပါတယ်။ ခရီးသည်များကို ကားလမ်းပေါ်မှာထိုင်ခိုင်းထားပြီး အမျိုးသမီးတွေကို အဓမ္မပြုကျင့်ခဲ့ကြပါတယ်။ အဲ့ဒီနောက် ခရီးသည်တွေကို အကြောင်းမဲ့ပစ်ခတ်လို့ ၂၅ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ပါတယ်။

အဓမ္မပြုကျင့်

၂၀၀၄ခုနှစ် စက်တင်ဘာလ ၂၈ရက်နေ့ညနေပိုင်းကလဲ ရှက်ဆစ်ရဲ့ အကြမ်းဖက်သောင်းကျန်းသူ ၃၀ခန့်ဟာ တောင်ကြီးမှ ကွန်ဟိန်းသို့ ထွက်ခွာလာတဲ့ မော်တော်ယာဉ်လေးစီးကို ကုန်းပေါင်ရွာနဲ့ဝိုင်းမွန်ရွာကြားမှာ တားဆီးပြီး ဆက်ကြေးငွေတွေကောက်ခံရုံမက ခရီးသည်အမျိုးသမီးတွေကို အဓမ္မပြုကျင့်ခဲ့ကြပါတယ်။

အခု ကျွန်တော်ရှင်းပြခဲ့တဲ့ အကြောင်းအရာတွေနဲ့တကွ ရရှိထားတဲ့ သက်သေခံအထောက်အထား စာရွက်စာတမ်း၊ ဓာတ်ပုံမှတ်တမ်းတွေအရ အရွယ်မရောက်သေးသူ လူငယ်များအား အဓမ္မလူသစ်စုဆောင်းနေသူတွေဟာ ဘယ်သူတွေလဲ၊ လူမျိုးရေးအခြေခံပြီး ဒေသခံပြည်သူများအား ရွာလုံးကျွတ် ညှဉ်းပန်းသတ်ဖြတ် မီးရှို့ဖျက်ဆီးနေသူတွေဟာ ဘယ်သူတွေလဲ၊ ကျေးရွာများအား ၎င်းတို့အတွက် အကာအကွယ်ဖြစ်စေရန် နယ်စပ်ဒေသသို့ အတင်းအဓမ္မ ရွှေ့ပြောင်းစေသူတွေဟာ ဘယ်သူတွေလဲ၊ တိုင်းရင်းသူမိန်းမပျိုတွေကို အဓမ္မစော်ကားပြီး မတော်မတရားပြုကျင့်သူတွေဟာဘယ်သူတွေလဲ၊ ငွေစက္ကူအတုနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသူတွေဟာ ဘယ်သူတွေလဲဆိုတာ ရှင်းရှင်းလင်းလင်း တွေ့မြင်ကြရမှာပဲဖြစ်ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

ဒီနေရာမှာ အလျဉ်းသင့်လို့ မြန်မာ့တပ်မတော်ရဲ့ လူသိများထင်ရှားတဲ့ အုပ်ချုပ်ကွပ်ကဲမှုစနစ်ရဲ့ စည်းကမ်းပိုင်းဆိုင်ရာ ကြပ်မတ်စောင့်ထိန်းနိုင်မှုတို့နဲ့ စပ်လျဉ်းပြီး အနည်းငယ်ရှင်းပြလိုပါတယ်။

တပ်မတော်ဟာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနဲ့အတူ တိုင်းရင်းသားပြည်သူတွေကြားကပေါက်ဖွားလာတဲ့တပ်မတော်ဖြစ်ပါတယ်။ တပ်မတော်စတင်ဖွဲ့စည်းခဲ့စဉ်ကာလမှ ယနေ့ထက်တိုင် နှစ်ပေါင်း ၆၀ကျော် ကာလအတွင်း ကောင်းမြတ်တဲ့ အစဉ်အလာ(၁၂)ရပ်နဲ့အညီ ပြည်သူလူထုရှေ့မှ မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးနိုင်တာဟာ တပ်မတော်ရဲ့ အုပ်ချုပ်မှု ကွပ်ကဲမှုစနစ်နဲ့ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ဖြစ်ပါတယ်။

အမြဲစောင့်ထိန်းလိုက်နာ

တပ်မတော်ကို ထိပ်ဆုံးမှသည် အောက်ခြေအဆင့်အထိ အဆင့်ဆင့် ကွပ်ကဲမှုစနစ်နဲ့ စီမံအုပ်ချုပ်လျက်ရှိပါတယ်။ တပ်မတော်သားတွေဟာ ရဲဘော်ရဲဘက်စိတ် အပြည့်အဝထားရှိပြီး အမိန့်နာခံမှုကောင်းသလို အချင်းချင်းလဲ သစ္စာစောင့်သိကြပါတယ်။ တပ်မတော်သားတစ်ဦးဖြစ်လာရင် ရဲဘော်အချင်းချင်း အပေါ်မှာထားရှိရမယ့် ကျင့်ဝတ်၊ လက်အောက်ငယ်သားအပေါ်မှာ ထားရှိရမယ့် ကျင့်ဝတ်၊ ပြည်သူအပေါ်မှာ ထားရှိရမယ့် ကျင့်ဝတ်စတဲ့ တပ်မတော်သားကျင့်ဝတ်အမျိုးမျိုးကို ခါးဝတ်ပုဆိုးကဲ့သို့ အမြဲစောင့်ထိန်း လိုက်နာရပါတယ်။

စည်းကမ်းကောင်းမွန်ခြင်းနဲ့ စိတ်ဓာတ်မွန်မြတ်ခြင်းဟာ မြန်မာ့တပ်မတော်ရဲ့ ဂုဏ်ဒြပ်တစ်ခုပဲ ဖြစ်ပါတယ်။ တပ်မတော်သားတွေဟာ စစ်ဘက်ဆိုင်ရာဥပဒေနဲ့စည်းမျဉ်းစည်းကမ်းများကို တစ်သဝေမတိမ်း လိုက်နာရသလို နယ်ဘက်ဆိုင်ရာ ဥပဒေနဲ့စည်းမျဉ်းစည်းကမ်းတွေကိုလဲ စနစ်တကျ စောင့်ထိန်းလိုက်နာကြရပါတယ်။ တပ်မတော်ရဲ့ သမိုင်းတစ်လျှောက်မှာ ဖြိုခွဲမှုအမျိုးမျိုးနဲ့ရင်ဆိုင်ခဲ့ရပေမယ့် မယိမ်းမယိုင် ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်နေလျက်ရှိခြင်းရဲ့အကြောင်းရင်းတွေထဲမှာ စည်းကမ်းကောင်းမွန်ခြင်းနဲ့ ပြည်သူကို အလုပ်အကျွေးပြုခြင်းတို့ဟာ အဓိကအခန်းက ပါဝင်ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

ယနေ့ကာလမှာ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ထမ်းဆောင်နေရတဲ့ တပ်မတော်ဟာ မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် ပေါ်ထွန်းလာရေးအတွက် အဓိကလိုအပ်ချက် (၃)ရပ်ဖြစ်တဲ့ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံနဲ့ပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို အစွမ်းကုန်ကြိုးပမ်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အတည်ပြုချမှတ်

တစ်ဖက်ကလဲ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်နေပါတယ်။ ယခုအခါမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမဆုံးအဆင့်လဲဖြစ်ပြီး အရေးကြီးဆုံးလဲဖြစ်တဲ့အမျိုးသားညီလာခံကို ကျင်းပနေပါတယ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အခြေခံရမည့်မူများနဲ့ အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများက ညှိနှိုင်းဆွေးနွေး အတည်ပြုချမှတ်ပေးနေကြပါတယ်။

အမျိုးသားညီလာခံကျင်းပခြင်းနဲ့စပ်လျဉ်းပြီး ရှေ့နောက်ဆက်စပ်မိအောင် ရှင်းပြရရင် မြန်မာနိုင်ငံမှာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုပြီး အခြေခံဥပဒေနှစ်ခုရှိခဲ့ဖူးတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

အဲဒီအခြေခံဥပဒေနှစ်ခုစလုံးဟာ ယနေ့အချိန်အခါမှာ မြန်မာနိုင်ငံမှာ ကျင့်သုံးလို့ မရနိုင်တော့ပါဘူး။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ၎င်းရဲ့ပျော့ကွက်ဟာကွက်တွေကြောင့် ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ်တွေနဲ့ ကြုံလာရတာမို့ ၁၉၆၂ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရတဲ့အချိန်ကစပြီး ရပ်ဆိုင်းသွားခဲ့ပြီဖြစ်ပါတယ်။

ထို့အတူ ၁၉၈၈ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူခဲ့ရချိန်မှစပြီး ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေလဲ ရပ်ဆိုင်းသွားခဲ့ပြန်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့် အခြေခံဥပဒေတစ်ရပ်ရေးဆွဲဆောင်ရွက်ဖို့ လိုအပ်လာပါတယ်။ နိုင်ငံတော်အစိုးရက ခိုင်မာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အခြေခံမူတွေနဲ့အသေးစိတ်အခြေခံရမယ့် မူတွေချမှတ်နိုင်ဖို့အမျိုးသားညီလာခံကို ၁၉၉၃ခုနှစ် ဇန်နဝါရီလကတည်းက စတင်ကျင်းပပေးခဲ့ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

အဲဒီလို မကျင်းပခင်မှာ နိုင်ငံတော်အစိုးရက အမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲဦးဆောင်ကျင်းပရေး ကော်မတီကိုဖွဲ့စည်းပြီး တရားဝင်တည်ရှိနေတဲ့နိုင်ငံရေးပါတီတွေမှ ရွေးချယ်ခံထားရတဲ့ကိုယ်စားလှယ်တွေ၊ တစ်သီးပုဂ္ဂလရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်တွေနဲ့ အမျိုးသားညီလာခံကျင်းပရေးကိစ္စတွေကို အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ အဲဒီညှိနှိုင်းဆွေးနွေးပွဲတွေကနေ ဖိတ်ကြားသင့်တဲ့ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ အစုအဖွဲ့အလိုက်ပါဝင်ရမယ့် အရေအတွက်တွေကို အားလုံးသဘောတူ အတည်ပြုချမှတ်ခဲ့တယ်ဆိုတာ တိုင်းသိပြည်သိ ကမ္ဘာသိပဲ ဖြစ်ပါတယ်။

အခြေအနေကောင်းများဖြစ်ပေါ်

အဲဒီလို တိုင်တိုင်ပင်ပင်ညှိညှိနှိုင်းနှိုင်းနဲ့ ဆောင်ရွက်ခဲ့ကြလို့ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ရက်နေ့ကနေ ၁၉၉၆ခုနှစ် မတ်လ ၃၀ရက်နေ့အထိ အမျိုးသားညီလာခံကို အရှိန်အဟုန်နဲ့ကျင်းပနိုင်ခဲ့ပါတယ်။ အဲဒီညီလာခံကနေပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်ရမယ့်အခြေခံမူ (၁၀၄)ချက်နဲ့နိုင်ငံတော်အခန်း၊ နိုင်ငံတော်တည်ဆောက်ပုံအခန်း၊ နိုင်ငံတော်အကြီးအကဲအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူတွေ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်နိုင်ခဲ့တဲ့အထိ အခြေအနေကောင်းတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

အဲဒီလိုအချိန်မှာ ပြည်ပပယောဂတွေ၊ ဝါဒစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတွေ ပူးဝင်ပူးကပ်လာတဲ့ နိုင်ငံရေးပါတီတစ်ခုမှ ကိုယ်စားလှယ်တွေဟာ အမျိုးသားညီလာခံပျက်စီးရေးကို ဦးတည်ကာညီလာခံကိုသူတို့သဘောနဲ့သူတို့ဆန့်ကျင်ပြီး ထွက်ခွာသွားခဲ့ကြပါတယ်။

အဲဒီလိုအမျိုးသားရေးကို ဆန့်ကျင်သွေဖည်သူတွေ၊ အမျိုးသားရေးကို ဖျက်လိုဖျက်ဆီးလိုသူတွေကြောင့် အမျိုးသားညီလာခံကြီးကို ယာယီအားဖြင့် ရပ်ဆိုင်းထားခဲ့ရချိန်မှာ တပ်မတော်အစိုးရဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ မရှိမဖြစ်လိုအပ်ချက်သုံးရပ်ဖြစ်တဲ့ နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေးနဲ့တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နဲ့ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ပြည်သူလူထုတစ်ရပ်လုံးရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သက်ဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုင်ငံတစ်ဝန်းလုံးမှာ ကွက်လပ်မကျန်ရအောင် ဖိဖိစီးစီးထိထိရောက်ရောက် ဆောင်ရွက်ပေးခဲ့ပါတယ်။

အခု ကျွန်တော်ရှင်းပြခဲ့တဲ့ အကြောင်းအရာတွေနဲ့တကွ ရရှိထားတဲ့ သက်သေခံအထောက်အထား စာရွက်စာတမ်း၊ ဓာတ်ပုံမှတ်တမ်းတွေအရ အရွယ်မရောက်သေးသူ လူငယ်များအား အဓမ္မလူသစ်စုဆောင်းနေသူတွေဟာ ဘယ်သူတွေလဲ၊ လူမျိုးရေးအခြေခံပြီး ဒေသခံပြည်သူများအား ရွာလုံးကျွတ် ညှဉ်းပန်းသတ်ဖြတ် မီးရှို့ဖျက်ဆီးနေသူတွေဟာ ဘယ်သူတွေလဲ၊ ကျေးရွာများအား ၎င်းတို့အတွက် အကာအကွယ်ဖြစ်စေရန် နယ်စပ်ဒေသသို့ အတင်းအဓမ္မ ရွှေ့ပြောင်းစေသူတွေဟာ ဘယ်သူတွေလဲ၊ တိုင်းရင်းသူမိန်းမပျိုတွေကို အဓမ္မစော်ကားပြီး မတော်မတရားပြုကျင့်သူတွေဟာ ဘယ်သူတွေလဲ၊ ငွေစက္ကူအတုနဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသူတွေဟာ ဘယ်သူတွေလဲဆိုတာ ရှင်းရှင်းလင်းလင်း တွေ့မြင်ကြရမှာပဲဖြစ်ပါတယ်။

ပြည်ထောင်စုကြီးရဲ့ ဒေသအနှံ့အပြားမှာ လမ်းတံတားတွေကို ကွန်ရက်သဖွယ် ဖောက်လုပ်တည်ဆောက်ပေးခဲ့ပါတယ်။ ဆည်မြောင်းတာတမံအစုအဖွဲ့တွေကို အုံနဲ့ကျင်းနဲ့တည်ဆောက်ပေးထားပါတယ်။ စက်ရုံအလုပ်ရုံတွေ၊ တက္ကသိုလ်ကောလိပ်သိပ္ပံကျောင်းတွေ၊ ဆေးရုံဆေးပေးခန်းတွေကိုလဲ ဒေသအနှံ့ဖြန့်ကြက်တည်ဆောက်ပေးထားပါတယ်။ စက်မှုဇုန်တွေကို ထူထောင်အားပေးနေသလို ရေအားလျှပ်စစ်စီမံကိန်းအဆင့်ဆင့်ကိုလဲ ဆက်တိုက်ဖော်ဆောင်ပေးနေပါတယ်။

မျက်ခြည်ပြတ်မခံ

ဒါကြောင့်မို့ တစ်နိုင်ငံလုံးနီးပါး တည်ငြိမ်အေးချမ်းမှုရှိလာခဲ့ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့အခြေခံအဆောက်အအုံတွေ ပြည့်စုံလုနီးပါးတည်ဆောက်ပေးထားနိုင်ပြီဖြစ်ပါတယ်။ အဲဒီလိုမနားမနေ တည်ဆောက်ဖော်ဆောင်ပေးနေရင်း တပ်မတော်အစိုးရဟာ ပြည်သူတွေရဲ့လိုလားချက်ကိုလဲမျက်ခြည်ပြတ်မခံဘဲ၂၀၀၃ခုနှစ်ဩဂုတ်လမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ကြေညာခဲ့ပါတယ်။ တစ်ဆက်တည်းပဲအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့လို့အခုဆိုအမျိုးသားညီလာခံကြီးဟာ အောင်မြင်ပြီးမြောက် ခရီးအတော်ရောက်နေပြီဖြစ်ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

၁၉၉၆ခုနှစ်မှာ ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့ရတဲ့အမျိုးသားညီလာခံကို ၂၀၀၄ခုနှစ် မေလ၁၇ရက်နေ့မှာ ပြန်လည်ကျင်းပနိုင်ခဲ့ပါတယ်။ ဇူလိုင်လ ၉ရက်နေ့အထိကျင်းပခဲ့တဲ့ အဲဒီအမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ရရှိအောင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့မှာ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပပြီး ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကိုချမှတ်နိုင်ခဲ့ပါတယ်။ အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက်လဲ ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

ဒါကြောင့်မို့ ၂၀၀၅ခုနှစ် ဒီဇင်ဘာ၅ရက်နေ့က စတင်ကျင်းပတဲ့ အမျိုးသားညီလာခံရဲ့ ဒီဇင်ဘာ ၈ရက်နေ့စုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူတွေချမှတ်ပြီးဖြစ်ပါတယ်။ မကြာမီရက်ပိုင်းအတွင်းမှာပဲ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနဲ့ တာဝန်များအခန်းနဲ့ တပ်မတော်အခန်းကဏ္ဍအတွက် အမျိုးသားညီလာခံအစုအဖွဲ့တွေက ညှိနှိုင်းဆွေးနွေးရေးဆွဲထားတဲ့အကြံပြုချက် စာတမ်းတွေကို ဖတ်ကြားတင်ပြကြတော့မှာဖြစ်ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

ယနေ့ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ပထမအဆင့်ဖြစ်ပြီး မရှိမဖြစ်လိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ချမှတ်ထားတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်(၇)ရပ်အနက် ပထမဆုံးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာစစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီစနစ်ကို ကူးပြောင်းမယ်ဆိုရင် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်မှတစ်ပါး အခြားနည်းလမ်းမရှိဘူးလို့ ပြောကြားလိုပါတယ်။ ဒီနေရာမှာအမျိုးသားညီလာခံကြီးက ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေအရ အနာဂတ်မြန်မာနိုင်ငံတော်ရဲ့ တည်ဆောက်မှု ပုံသဏ္ဍာန်နဲ့ အနှစ်သာရတွေကို တစ်ပါတည်းရှင်းပြလိုပေမယ့် အချိန်ကိုငဲ့ညှာသောအားဖြင့် သံအမတ်ကြီးများနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများအား ကြိုတင်ဖြန့်ဝေပေးထားတဲ့ စာအုပ်စာစောင်တွေထဲမှာ အပြည့်အစုံဖော်ပြထားပါကြောင်း အသိပေးပြောကြားလိုပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

တိုင်းရင်းသားမျိုးနွယ်စု ၁၀၀ကျော်ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ ပြည်ထောင်စုအမိမြေ အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး အေးချမ်းသာယာဝပြောရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အာမခံချက်ပေးနိုင်တဲ့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပုံဖော်နိုင်ဖို့အတွက် အမျိုးသားညီလာခံကြီးကို ပထမအဆင့်အဖြစ် ကျင်းပနေတာဖြစ်ပါတယ်။ ဆက်လက်ပြီး ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

ဒီမိုကရေစီအခွင့်အရေးများ

ယခုကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာပါဝင်ရမယ့် အခြေခံမူနဲ့ အသေးစိတ်အခြေခံရမည့်မူတွေကို တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းနဲ့ အကျေအလည်ဆွေးနွေးပြီး ချမှတ်ပေးလျက်ရှိပါတယ်။ အနာဂတ်နိုင်ငံတော်အတွက် အခြေခံမူနဲ့ အသေးစိတ်အခြေခံမူတွေချမှတ်ရာမှာ အမျိုးသားညီလာခံတာဝန်ရှိပုဂ္ဂိုလ်တွေ၊ ညီလာခံကိုယ်စားလှယ်ကြီးတွေဟာ ဒို့တာဝန်အရေးသုံးပါး အာမခံနိုင်မှုကိုအခြေခံ၍လည်းကောင်း၊ အတိတ်သမိုင်းမှ ခါးသီးတဲ့အတွေ့အကြုံမျိုးထပ်မံဖြစ်ပေါ်ခံစားရခြင်း မရှိရေးဆိုတဲ့အချက်ကို အခြေခံ၍လည်းကောင်း၊ နိုင်ငံနဲ့လူမျိုးရဲ့ ပကတိအရှိတရားကို အခြေခံ၍လည်းကောင်း၊ တိုင်းရင်းသားအားလုံးအတွက် မျှမျှတတဖြစ်အောင်၊ ချို့ယွင်းချက်၊ အားနည်းချက်အနည်းဆုံးဖြစ်အောင်၊ အကောင်းဆုံးဖြစ်အောင် ဒီမိုကရေစီအခွင့်အရေးများကို ကျင့်သုံးပြီး ဆောင်ရွက်နေတာပဲဖြစ်ပါတယ်။

ဒါကြောင့်မို့ ပြည်တွင်းပြည်ပ လက်ဝဲလက်ယာ၊ မြေပေါ်မြေအောက် အဖျက်သမားတွေက မည်သို့ပင် မလိုလားကြသည်ဖြစ်စေ၊ မည်မျှပင် နှောင့်ယှက်ဟန့်တားဖျက်လိုဖျက်ဆီးပြုကြသည်ဖြစ်စေ အမျိုးသားညီလာခံကြီးက တညီတညွတ်တည်း ချမှတ်ထားတဲ့အခြေခံမူနဲ့ အသေးစိတ်အခြေခံရမည့်မူတွေဟာ ဒီနေ့ ဒီချိန်အခါမှာ မိမိတို့နိုင်ငံနဲ့ မိမိတို့လူမျိုးအတွက် အကောင်းဆုံးဖြစ်ကြောင်း အကျိုးရှိဆုံးဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေတာမို့ အမျိုးသားရေးအကျိုးစီးပွားကိုသာ မမှိတ်မသုန် ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

နိုင်ငံတော်အစိုးရ၏ နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကျိုးကျေးဇူးကို မျက်ဝါးထင်ထင်သိမြင်လာ ပြည်သူလူထုက လုံးဝအကူအညီပေးခြင်းမရှိ၍ သံချောင်းနှင့်အဖွဲ့ ငတ်ငတ်ပြတ်ပြတ်ဖြင့် လက်နက်ချအဖမ်းခံ

လက်နက်ချအဖမ်းခံရခြင်းမှာ နယ်မြေခံလူထု၏ ငြိမ်းချမ်းရေးအနှစ်သာရနှင့် အကျိုးကျေးဇူးကြောင့်ဖြစ်

အေးချမ်းတည်ငြိမ်မှုပျက်ပြားအောင် ဆောင်ရွက်လာသည့်လုပ်ရပ် လက်မခံဆိုသည့်အချက်က သက်သေပြ

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၆)တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၏ အကြမ်းဖက်သောင်းကျန်းသူ SSA (တောင်ပိုင်း)မှ သံချောင်း(ခ)စဝ်ခွန်ကျော် ဦးစီးသည့် တပ်မဟာ(၂၄၁) တပ်ဖွဲ့ဝင်များ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေသို့ ဝင်ရောက်လာချိန်တွင် တပ်မတော်စစ်ကြောင်းများနှင့် နယ်မြေခံပြည်သူလူထုက ဝိုင်းဝန်းဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ်များ၊ နယ်မြေခံ ပြည်သူလူထု၏ ထောက်ခံမှုမရရှိသည့်အတွက် အလင်းဝင်မှုများ၊ ဖမ်းဆီးရမိမှုများ စသည့် ဖြစ်စဉ်များနှင့်စပ်လျဉ်းသည့် ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

ကြွရောက်လာသောသံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပမှ သတင်းစာဆရာကြီးများခင်ဗျား–

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့မှာ ကျွန်တော့်အနေနဲ့ SSA (တောင်ပိုင်း)မှ သံချောင်း(ခ)စဝ်ခွန်ကျော်ဦးစီးတဲ့အဖွဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေသို့ ဝင်ရောက်လာချိန်မှာ တပ်မတော်စစ်ကြောင်းများနဲ့ ပြည်သူလူထုက ဝိုင်းဝန်းဖမ်းဆီးရမိခဲ့တဲ့ ဖြစ်စဉ်များ၊ ပြည်သူလူထုရဲ့ ထောက်ခံမှုမရတဲ့အတွက် လက်နက်ချခဲ့ရတဲ့ ဖြစ်စဉ်များကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ရွက်ဆစ်ဦးစီးတဲ့ SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ သံချောင်း(ခ)စဝ်ခွန်ကျော်နဲ့အဖွဲ့ဟာ စစ်ကိုင်းတိုင်းအထက်ပိုင်းနဲ့ ကချင်ပြည်နယ် နမ်းမား၊ မိုးညှင်းဒေသများသို့ ထိုးဖောက်ဖို့အတွက် ၂၀၀၅ခုနှစ် ဇွန်လ ၃၀ရက်နေ့မှာ အင်အား ၄၀နဲ့ လေ့ကျင့်မှုများပြုလုပ်ခဲ့ပါတယ်။ ဒီလေ့ကျင့်မှုတွေကို ဗိုလ်မှူးအဆင့်ရှိ ပေါင်းခေးက တာဝန်ခံ လေ့ကျင့်ပေးခဲ့ပြီး ရွက်ဆစ်နဲ့ SSNA စိုင်းရီတို့က လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရပါတယ်။

ဆက်ကြေးများကောက်ခံ

သံချောင်းနဲ့ အင်အား ၄၀ဟာ ဩဂုတ်လ၃၁ရက်နေ့မှာ လွယ်တိုင်းလျှံစခန်းမှထွက်ခွာခဲ့ပြီး မိမိတပ်များကို တိမ်းရှောင် ချီတက်ခဲ့ပါတယ်။ ဒီလို ချီတက်ရာ လမ်းတစ်လျှောက်မှာ အတင်းအကျပ် လူသစ်စုဆောင်းခြင်း၊ လူသစ်မပေးနိုင်သော ကျေးရွာများမှ ငွေတောင်းခံခြင်း၊ ဆက်ကြေးများကောက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ သံချောင်းနဲ့အဖွဲ့ဟာ နိုဝင်ဘာလ ၂၄ရက်နေ့မှာ ဒုဋ္ဌဝတီမြစ်ကို ဝါးဖောင်ဖြင့်ဖြတ်ကူးပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းကို ဝင်ရောက်ခဲ့ပါတယ်။ ဒီလိုဝင်ရောက်ချိန်မှာ သံချောင်းအဖွဲ့မှာ အတင်းစုဆောင်းလာတဲ့လူသစ်များအပါအဝင် အင်အား ၅၈ဦး၊ ကျေးရွာများမှ ခြိမ်းခြောက် ကောက်ခံလာတဲ့ ဆက်ကြေးငွေ ကျပ် ၅၅သိန်းပါရှိလာခဲ့ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

ဒီလို သံချောင်းနဲ့အဖွဲ့ ဒုဋ္ဌဝတီမြစ်ကိုဖြတ်ကူးပြီး ကျောက်မဲမြို့နယ်အတွင်း ဝင်ရောက်လာချိန်မှာ နယ်မြေခံ ပြည်သူလူထုက တပ်မတော်ကို ချက်ချင်း သတင်းပေးပို့ခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းရာ နိုဝင်ဘာလ ၂၆ရက်နေ့တွင် စတင်ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

ဆက်သွယ်သတင်းပေးပို့

သံချောင်းနဲ့အဖွဲ့ဟာ မိမိတပ်မတော်စစ်ကြောင်းများကို ရှောင်တိမ်းနိုင်ဖို့အတွက် နယ်မြေခံ လူထုကို ဆက်သွယ်ပြီး သတင်းမေးခြင်း၊ လမ်းပြရန် အကူအညီတောင်းခံခြင်း၊ ဆန်နဲ့ စားစရာများ တောင်းခံခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့်လဲ ပြည်သူလူထုက အတွေ့မခံဘဲ တိမ်းရှောင်နေခြင်း၊ အတင်းအကျပ်ဖမ်းဆီး လမ်းပြခိုင်းပါက လမ်းမှန်ကိုမပြဘဲ ပြန်လည်ထွက်ပြေးလာကာ မိမိတပ်များသို့ ဆက်သွယ် သတင်းပေးပို့ခြင်းများ ပြုလုပ်ခဲ့တဲ့အတွက် မိမိတပ်များ၏ ထက်ကြပ် လိုက်လံရှင်းလင်းခြင်းကိုခံခဲ့ရကာ အဆက်မပြတ် နေရာရွှေ့ပြောင်း ပုန်းအောင်းနေခဲ့ရပါတယ်။ ဒါ့အပြင် လမ်းခရီးမှာ အတင်းဖမ်းဆီးခေါ်ဆောင်လာခဲ့တဲ့ လူသစ်များကလည်း အခွင့်အရေးရတာနဲ့ ပြန်လည်ထွက်ပြေးလာပြီး မိမိတပ်များကို သတင်းပေးပို့ခဲ့ပါတယ်။

ဒါ့ကြောင့် သံချောင်းနဲ့အဖွဲ့ဟာ သူတို့မူလစီမံထားတဲ့ မိုးမိတ်–မဘိန်းဒေသမှတစ်ဆင့် ဧရာဝတီမြစ်ကိုဖြတ်ကူးပြီး စစ်ကိုင်းတိုင်းသို့ ဆက်လက်ထွက်ခွာနိုင်ရန်အတွက် ဒီဇင်ဘာလ ၄ရက်နေ့မှာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့ပါတယ်။ ဒါပေမယ့် မိမိတပ်များနဲ့ ဒေသခံပြည်သူများက ပိတ်ဆို့ထားတာကြောင့် ဒီဇင်ဘာ ၈ရက်နေ့မှာ ကျောက်မဲ–မိုင်းလုံကားလမ်းကို ဖြတ်ပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ နမ္မတူ–မန်တုံဒေသသို့ ပြန်လည်ဝင်ရောက်လာခဲ့ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

အဲဒီလို ပြန်လည်ဝင်ရောက်လာချိန်မှာ သံချောင်းနဲ့အဖွဲ့ဟာ နယ်မြေခံပြည်သူလူထုကလက်မခံခြင်း၊ တပ်မတော်ထံ သတင်းပို့ခြင်း၊ အတွေ့မခံခြင်း၊ အဆက်မပြတ် ထွက်ပြေးနေရခြင်းများကြောင့် စိတ်ဓာတ်ကျဆင်းလာပါတယ်။ စုဆောင်းလာတဲ့ လူသစ်တွေရော၊ လူဟောင်းတွေပါ အခွင့်သာတိုင်း ထွက်ပြေးကုန်ကြပါတယ်။ သံချောင်းနဲ့အဖွဲ့ဟာ သူတို့ သယ်ဆောင်လာတဲ့ လက်နက်ခဲယမ်းများကိုပင် သယ်ဖို့ အားမရှိတော့လို့ ရွာသားများကိုအတင်းဖမ်းဆီးခေါ်ဆောင်ပြီး သယ်ခိုင်းတာကို တွေ့ရပါတယ်။ အဲဒီလိုဖမ်းဆီးပြီး အတင်းအကျပ် ခိုင်းစေမှုခံခဲ့ရတဲ့ ဒေသခံပြည်သူများကလဲ အခွင့်အရေးရတာနဲ့ ချက်ချင်းပြန်လည်ထွက်ပြေးပြီး မိမိတပ်ကို သံချောင်းအဖွဲ့ရဲ့ လှုပ်ရှားမှုများကို သတင်းပေးပို့ခဲ့ကြပါတယ်။ ပန်ဆေးဒေသခံပြည်သူတစ်ဦးဆိုရင် သူ့ကို သယ်ခိုင်းတဲ့ အာရ်ပီဂျီဒုံးပစ်လောင်ချာနဲ့ ဗုံးသီးခြောက်လုံးကို ယူဆောင်ထွက်ပြေးလာပြီး မိမိစစ်ကြောင်းထံ လာရောက်သတင်းပေးပို့ခဲ့တာကို တွေ့ခဲ့ရပါတယ်။

အဆက်မပြတ်ရရှိ

ဒီလို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသို့ ဝင်ရောက်လာတဲ့ ရန်သူ့သတင်းကို ဒေသခံပြည်သူများထံက အဆက်မပြတ်ရရှိနေတဲ့အတွက် မိမိစစ်ကြောင်းများက နောက်က ထက်ကြပ်လိုက်လံ ရှင်းလင်းသလို ရန်သူဖြတ်သန်းနိုင်တယ်လို့ မျှော်လင့်ရတဲ့ နေရာများမှာလဲ ကြိုတင် ပိတ်ဆို့ထားခဲ့ပါတယ်။ ဒါကြောင့် ဒီဇင်ဘာလ ၁၀ရက်နေ့မှာ မိမိတပ်များနဲ့ သံချောင်းအဖွဲ့ ထပ်မံထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ သံချောင်းနဲ့ အဖွဲ့ဟာ ထွက်ပြေးလွတ်မြောက်နိုင်ဖို့သာ ကြိုးစားနေတဲ့အတွက် အမြန် ဆုတ်ခွာထွက်ပြေးသွားခဲ့ပါတယ်။

သံချောင်းနဲ့အဖွဲ့ဟာ လှည့်လည်ပုန်းအောင်းနေရာကနေ ဒီဇင်ဘာလ ၁၅ရက်နေ့မှာ မန်တုံအနီး ရေပုံး၊ တုံးကြီး၊ လွယ်ယား ကျေးရွာများအနီးမှ ဖြတ်ကျော်ကာ မုံးဝီးဘက်သို့ ဦးတည် ထွက်သွားခဲ့ပါတယ်။ မုံးဝီးနယ်မြေအတွင်းသို့ ဝင်ရောက်သွားတဲ့ သံချောင်းနဲ့အဖွဲ့ဟာ မုံးဝီးနယ်မြေခံပြည်သူများထံမှ အကူအညီမရဘဲ လိုက်လံရှင်းလင်းတဲ့ မိမိစစ်ကြောင်းများနဲ့ ဒီဇင်ဘာလ ၂၇ရက်နေ့မှာ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

သံအမတ်ကြီးများ၊ သတင်းစာဆရာကြီးများခင်ဗျား–

ဒီဇင်ဘာလ ၂၇ရက်နေ့ တိုက်ပွဲဖြစ်ပွားပြီးချိန်မှာ သံချောင်းအဖွဲ့အတွင်းမှာ အလွန်စိတ်ဓာတ်ကျဆင်းနေပြီဖြစ်ပါတယ်။ ဒါကြောင့် သံချောင်းအနေနဲ့ သူ့လူတွေစိတ်ဓာတ်တက်ကြွစေရန်အတွက် သူနဲ့အတူ သယ်လာတဲ့ စိတ်ကြွရူးသွပ်ဆေးပြားများကို တိုက်ကျွေးပြီး ခိုင်းစေခဲ့ရကြောင်း အလင်းဝင်များရဲ့ ထွက်ဆိုချက်များအရ နောက်ပိုင်းမှာ ကျွန်တော်တို့ သိရှိခဲ့ရပါတယ်။

ဒီဇင်ဘာလ ၂၉ရက်နေ့နံနက်မှာ သံချောင်းနဲ့အဖွဲ့ရဲ့ အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရတဲ့ ရွာသားတစ်ဦး ထွက်ပြေးလာပြီး သတင်းပေးတဲ့အတွက် မိမိတပ်များက လိုက်လံရှင်းလင်းခဲ့ရာမှာ ၄င်းနေ့နံနက် ၁၀နာရီမှာ ကောင်းတပ်ရွာအနီးမှာ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ အဲဒီ တိုက်ပွဲအပြီးမှာ သံချောင်းနဲ့အဖွဲ့ဟာ သံချောင်းဦးစီးအင်အား ၃၀ကျော် တစ်ဖွဲ့နဲ့ တပ်ကြပ်ကြီးအဆင့်ရှိ ထွန်းကျော်ဦးစီးအင်အား ၁၁ ဦးပါအဖွဲ့ဆိုပြီး နှစ်ဖွဲ့ကွဲသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ မိမိတပ်များအနေနဲ့ ရန်သူခိုအောင်းနေတဲ့ နယ်မြေတစ်ခုလုံးကို စစ်ကြောင်းများနဲ့ ဝိုင်းပတ်ပိတ်ဆို့ထားပြီးဖြစ်ပါတယ်။ သံချောင်းနဲ့အဖွဲ့ဟာ ဒီလိုပိတ်ဆို့ခံနေရတာကနေ ဖောက်ထွက်နိုင်ဖို့အတွက် အရပ်ဝတ်နဲ့အဖွဲ့ငယ်များလွှတ်ပြီး လမ်းကြောင်းရှာခြင်း၊ အစားအသောက်ရှာဖွေခြင်းများ ပြုလုပ်ခဲ့ပေမယ့်လဲ ဒေသခံပြည်သူများက အတွေ့မခံ၊ အကူအညီမပေးဘဲ မိမိစစ်ကြောင်းများသို့သာ လာရောက်သတင်းပို့ခဲ့ကြပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

အဲဒီလို ပြည်သူလူထုဆီက အကူအညီ လုံးဝမရနိုင်တာကို သဘောပေါက်လာတဲ့အတွက် ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ တပ်ကြပ်ကြီးအဆင့်ရှိ ထွန်းကျော် ဦးစီး ၁၁ ဦးဟာ ဟိုပုံးရွာအနီးမှာလည်းကောင်း၊ သံချောင်းအဖွဲ့က ဒုတပ်ကြပ်အဆင့်ရှိ ခိုင်ဝင်းဟာ နမ့်ခမ်းမြို့ တောတိုက်ဘုန်းကြီးကျောင်းအနီးမှာ လည်းကောင်း လက်နက်ချ အလင်းဝင်ရောက်ခဲ့ပါတယ်။ အဲဒီနေ့နံနက်မှာပဲ လက်နက်ချများ၊ အလင်းဝင်များထံမှ ရရှိသော သတင်းများကို အခြေခံပြီး သံချောင်းနဲ့အဖွဲ့ ခိုအောင်းရာ နေရာကို မိမိတပ်များက အဆင့်ဆင့်ချဉ်းကပ်ရှင်းလင်းခဲ့ပါတယ်။ အဲဒီနေရာအနီးသို့ရောက်ချိန်မှာ သံချောင်းနဲ့အဖွဲ့ဟာ မခုခံနိုင်တော့ဘဲ မိမိတပ်များရဲ့ ဖမ်းဆီးမှုကို ခံခဲ့ရပါတယ်။

ဒီလိုတစ်ယောက်မကျန် လက်နက်ချ၊ အဖမ်းခံခဲ့ရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ နယ်မြေခံပြည်သူလူထုအနေနဲ့ ငြိမ်းချမ်းရေးရဲ့ အနှစ်သာရနဲ့ အကျိုးကျေးဇူးများ၊ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသပါမကျန် တစ်နိုင်ငံလုံး အကြားအလပ်မရှိအောင် ဆောင်ရွက်ပေးနေသော နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများရဲ့ အကျိုးကျေးဇူးများကို မျက်ဝါးထင်ထင် သိမြင်လာကြတာကြောင့် ဒီလို အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပျက်ပြားအောင် ဆောင်ရွက်တဲ့ မည်သည့်လုပ်ရပ်ကိုမျှ လက်မခံတော့ဘူးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒါကြောင့်လဲ သံချောင်းနဲ့အဖွဲ့ဟာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းကို ရောက်ရှိလာချိန်မှာ ပြည်သူလူထုက လုံးဝထောက်ခံမှု၊ အကူအညီပေးမှု မရှိလို့ အငတ်ငတ်၊ အပြတ်ပြတ်နဲ့ ပြေးလွှားပုန်းအောင်းရင်း လက်နက်ချ အဖမ်းခံခဲ့ရတာဖြစ်ပါတယ်။

ဖော်ထုတ်ရရှိခဲ့

ဒါ့အပြင် အခုလို သံချောင်းနဲ့အဖွဲ့ကို ဖမ်းဆီးရမိခဲ့တဲ့ဖြစ်စဉ် ဖြစ်ပွားပြီးတဲ့နောက်ပိုင်းမှာ ၂၀၀၅ခုနှစ် မေလက SSNA စိုင်းရီနဲ့အဖွဲ့ ရွက်ဆစ်ထံ ပူးပေါင်းဖို့ ထွက်ခွာသွားချိန်မှာ ယူဆောင်သွားနိုင်ခြင်းမရှိလို့ ဝှက်ထားခဲ့တဲ့ လက်နက်တွေကို ဒေသခံပြည်သူတွေက ဒီလက်နက်တွေ ရှိနေရင် ဒီနေရာကို အကြမ်းဖက်သောင်းကျန်းသူတွေ ပြန်အခြေခံဖို့ ကြိုးစားဦးမှာပဲ။ ဒါတွေကို ဖော်ထုတ် အပ်နှံတာဟာ ဒေသအတွက် အကောင်းဆုံးပဲလို့ သဘောပေါက်ပြီး ဝိုင်းဝန်းပြီး သတင်းဖော်ထုတ်ပေးပို့ခဲ့တာကြောင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၅ရက်နေ့အထိ လက်နက်မျိုးစုံ ၃၆လက်နဲ့ ခဲယမ်းများကို ဖော်ထုတ်ရရှိခဲ့ပြီးဖြစ်ပါတယ်။

သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

သံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများကိုယ်တိုင် မကြာမီရက်များက ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲ့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်ခဲ့ရပြီးဖြစ်ပါတယ်။ ဒီလို ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိဖို့အတွက် နယ်မြေဒေသ အေးချမ်းတည်ငြိမ်ရေးဟာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ ဒါ့ကြောင့်လဲ တပ်မတော်အစိုးရရဲ့ စေတနာကို သိမြင်လာတဲ့ တိုင်းရင်းသား အဖွဲ့အစည်းတွေဟာ ငြိမ်းချမ်းရေးနဲ့လက်နက်ကို အပြီးအပိုင် စွန့်လွှတ် လဲလှယ်ခဲ့ကြတာ ဖြစ်ပါတယ်။ နယ်မြေခံ ပြည်သူများ အနေနဲ့လဲ ရရှိထားပြီးဖြစ်တဲ့ အေးချမ်းသာယာမှုနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို ပျက်ပြားအောင် ဆောင်ရွက်လာတဲ့ ဘယ်လို လုပ်ရပ်မျိုးကိုမျှ လက်မခံဘူးဆိုတာ အခုဖြစ်စဉ်များက သက်သေပြခဲ့တာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့် အကြမ်းဖက်သောင်းကျန်းသူ SSA (တောင်ပိုင်း)မှ သံချောင်း(ခ)စဝ်ခွန်ကျော် ဦးစီးသည့် တပ်မဟာ (၂၄၁)မှ အဖွဲ့ဝင်များ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေသို့ ဝင်ရောက်လာချိန်တွင် တပ်မတော်စစ်ကြောင်းများနှင့် နယ်မြေခံ ပြည်သူလူထုက ဝိုင်းဝန်းဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ်များ၊ နယ်မြေခံ ပြည်သူလူထု၏ ထောက်ခံမှုမရရှိသည့်အတွက် အလင်းဝင်မှုများ၊ ဖမ်းဆီးရမိမှုများ စသည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မောင်စိုးနိုင်

SSA(တောင်ပိုင်း) ရွက်ဆစ်အဖွဲ့မှ အတင်းအဓမ္မ စုဆောင်းခြင်း ခံခဲ့ရသော အသက်(၁၃)နှစ်အရွယ်ရှိ ကလေးစစ်သား မောင်စိုးနိုင်အား တွေ့ရစဉ်။ (သတင်းစဉ်)

● ***ကျောဖုံးမှ***

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒေသခံ တိုင်းရင်းသား ပြည်သူများက လုံးဝ လက်မခံဘဲ ဆန့်ကျင်မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူ SSA (တောင်ပိုင်း)မှ သံချောင်း(ခ)စဝ်ခွန်ကျော် ဦးစီးသည့် တပ်မဟာ(၂၄၁)တပ်ဖွဲ့ဝင်များ လက်နက်ချအလင်းဝင်ရောက်ခြင်း၊ ဖမ်းဆီးရမိခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်း ပြောကြားချက်များကို သီးခြားဖော်ပြထားပါသည်)

ယင်းနောက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်က SSA (တောင်ပိုင်း) မှ သံချောင်း (ခ) စဝ်ခွန်ကျော် ဦးစီးသည့် အဖွဲ့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေသို့ ဝင်ရောက်လာချိန်တွင် တပ်မတော်စစ်ကြောင်းများနှင့် နယ်မြေခံ ပြည်သူလူထုက ဝိုင်းဝန်းဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ်များ၊ နယ်မြေခံ ပြည်သူလူထု၏ထောက်ခံမှုမရရှိသည့်အတွက် အလင်းဝင်မှုများ၊ ဖမ်းဆီးရမိမှုများစသည့်ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)

ပြန်လည်ရှင်းလင်းပြောကြား

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာကြသောသံတမန်အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းထောက်များက သိရှိလိုသည့် မေးမြန်းချက်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြပြီး သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၆)ကို ညနေ၄နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သတင်းစာရှင်းလင်းပွဲ အပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာကြသည့်သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းတာဝန်ခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သိရှိလိုသည့် မေးမြန်းချက်များကို ထပ်မံဖြေကြားသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းစာဆရာများ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များသည် သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၆)တွင် ပြသထားသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်မဟာမှူးအဆင့်ရှိ သံချောင်း(ခ)စဝ်ခွန်ကျော် ဦးစီးအဖွဲ့မှ ဖမ်းဆီးမိသော သောင်းကျန်းသူများ၊ လက်နက်ချ အလင်းဝင်ရောက်လာသူများထံမှ သိမ်းဆည်းရမိသော လက်နက်ခဲယမ်း မှတ်တမ်းဓာတ်ပုံများ၊ SSA(တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ သံချောင်း(ခ) စဝ်ခွန်ကျော် ဦးစီးအဖွဲ့မှ ၂-၁-၂၀၀၆ရက်နေ့တွင်သိမ်းဆည်းရမိသော လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကို လုံးဝလက်မခံဘဲ ငြိမ်းချမ်းရေးကို လိုလားသော ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ SSNA တပ်မဟာ (၆) ဌာနချုပ်နေရာဟောင်း မုန်းရင်ကျေးရွာအနီးမှ ၁၅-၁-၂၀၀၆ရက်နေ့တွင် ထပ်မံဖော်ထုတ်ရရှိသော လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်း မှတ်တမ်းဓာတ်ပုံများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း SSA (ရွက်ဆစ်) သောင်းကျန်းသူအဖွဲ့က ဗိုလ်ကျထော ဦးစီးတပ်ဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ SSA(တောင်ပိုင်း) ရွက်ဆစ်အဖွဲ့၏ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းချမှု လုပ်ရပ်များ မှတ်တမ်းဓာတ်ပုံများ၊ SSA (တောင်ပိုင်း) ရွက်ဆစ်ဦးစီး အကြမ်းဖက် အဖျက်သမားများက ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးပုံ လုပ်ရပ်များ မှတ်တမ်းဓာတ်ပုံများ၊ SSA(တောင်ပိုင်း) ရွက်ဆစ် ဦးစီး အကြမ်းဖက်သမားများက အရွယ်မရောက်သေးသော လူငယ်များအား အဓမ္မလူသစ်စုဆောင်းမှု လုပ်ရပ်များ မှတ်တမ်းဓာတ်ပုံများ၊ SSA(တောင်ပိုင်း) ရွက်ဆစ် လက်အောက် တပ်မဟာ (၂၄၁) တပ်မဟာမှူး သံချောင်း(ခ) စဝ်ခွန်ကျော်အဖွဲ့ မိမိ တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းသို့ ဝင်ရောက်လာသော လမ်းကြောင်းပြ မြေပုံမှတ်တမ်း၊ လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်ခဲ့သော အဖွဲ့အစည်းများ၏ "ငြိမ်းချမ်းရေးလမ်း ဒို့လက်ကမ်း"မှတ်တမ်းဓာတ်ပုံများ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း ဝင်ရောက်လာသော SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်မဟာမှူး အဆင့်ရှိ သံချောင်း(ခ)စဝ်ခွန်ကျော် ဦးစီး အဖွဲ့မှ ဖမ်းဆီးရမိသော လက်နက်ခဲယမ်း မှတ်တမ်းဓာတ်ပုံများ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း ဝင်ရောက်လာသော SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်မဟာမှူးအဆင့်ရှိ သံချောင်း(ခ) စဝ်ခွန်ကျော် ဦးစီးအဖွဲ့မှ ဖမ်းဆီးရမိသော ဆက်သွယ်ရေးစက်၊ စာရွက်စာတမ်းများ၊ လက်ဝတ်ရတနာများနှင့် ငွေစက္ကူများ ရရှိမှု မှတ်တမ်းဓာတ်ပုံများနှင့် SSA (တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ လက်နက်ချ အလင်းဝင်ရောက်သူများနှင့် မြဝတီရုပ်မြင်သံကြားမှ တွေ့ဆုံမေးမြန်းနေပုံ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မှတ်တမ်းဓာတ်ပုံများ ကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၆)သို့ တက်ရောက်လာကြသည့် သံတမန်များ သတင်းစာရှင်းလင်းပွဲတွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

သံတမန်များ၊ ပြည်တွင်း ပြည်ပ သတင်းဌာနများမှ သတင်းစာဆရာများ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များသတင်းစာရှင်းလင်းပွဲ (၁/၂၀၀၆) တွင် ပြသထားသော SSA (တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ တပ်မဟာမှူး အဆင့်ရှိ သံချောင်း(ခ) စဝ်ခွန်ကျော် ဦးစီးအဖွဲ့မှ ဖမ်းဆီးမိသော သောင်းကျန်းသူများ၊ လက်နက်ချ အလင်းဝင်ရောက်သူများထံမှ သိမ်းဆည်းရမိသော လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

SSA (တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ တပ်မဟာမှူးအဆင့်ရှိ သံချောင်း(ခ) စဝ်ခွန်ကျော် ဦးစီးအဖွဲ့မှ ဖမ်းဆီးရမိ သောင်းကျန်းသူများ၊ အလင်းဝင်ရောက်လာကြသည့် တပ်ဖွဲ့ဝင်များအား လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

လက်နက်ချအလင်းဝင်ရောက်ခဲ့သည့် SSA (တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ တပ်ကြပ်ကြီး အဆင့်ရှိ ထွန်းကျော် ဦးစီးအင်အား ၁၁ ဦး၏ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

(သတင်းစဉ်)

ဖမ်းဆီးရမိသည့် SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁) တပ်မဟာမှူး သံချောင်း(ခ) စဝ်ခွန်ကျော် ဦးစီးအင်အား ၂၉ ဦး၏ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

(သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၆)တွင် ပြသထားသည့် SSA (တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ တပ်မဟာမှူးအဆင့်ရှိ သံချောင်း(ခ) စဝ်ခွန်ကျော် ဦးစီးအဖွဲ့မှ ဖမ်းဆီးရမိသော ဆက်သွယ်ရေးစက်နှင့် စာရွက်စာတမ်းများ၊ ငွေစက္ကူအတုများကို တွေ့ရစဉ်။

(သတင်းစဉ်)

ပြည်သူတွေကရင်းတို့ရရှိနေတဲ့ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးမှုတွေကြောင့် မတည်မငြိမ်ဖြစ်စေမယ့် သောင်းကျန်းမှုတွေကို လုံးဝမလိုလားတော့ အေးအေးချမ်းချမ်းနဲ့တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို လိုလားကြောင်းပြသခဲ့ခြင်းဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၆)ကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမဥ္စကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံတမန်များ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းနာယကဦးလှထွေး၊ ဥက္ကဋ္ဌဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းတိုက်များမှ တာဝန်ရှိသူများတက်ရောက်၍ သတင်းရယူခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၆)တွင် မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားစဉ်။
(သတင်းစဉ်)

အဆိုပါသတင်းစာရှင်းလင်းပွဲတွင်သံတမန်များ၊ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်တိုက်များမှတာဝန်ရှိသူများက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်တို့၏ ရှင်းလင်းပြောကြားချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အခြားသိလိုရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း မေးမြန်းခဲ့ကြရာ ၎င်းတို့၏မေးမြန်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး Ms. Victoria Jane Bowman မေးမြန်းစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး Mr. Muhamad Nawaz Chaudhry မေးမြန်းစဉ်။
(သတင်းစဉ်)

ပါကစ္စတန်သံအမတ်ကြီး Mr. Muhamad Nawaz Chaudhry

အခုအလင်းဝင်လာတဲ့ သောင်းကျန်းသူတွေအဖွဲ့အစည်းတွေကို ပြည်တွင်းပြည်ပက အဖွဲ့အစည်းတွေကနေပြီးတော့ ကူညီပေးထောက်ပံ့နေတယ် လို့ သိရပါတယ်။ ပြည်ပအဖွဲ့အစည်းဆိုတာ ဘယ်သူတွေပါလဲ၊ ဘယ်အဖွဲ့အစည်းတွေ ပါလဲဆိုတာကို သိပါရစေ။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ပြည်ပကနေပြီးတော့ ထောက်ပံ့နေတဲ့အဖွဲ့အစည်းတွေကတော့ မြန်မာနိုင်ငံကနေပြီးတော့ ပြည်ပကိုပြေးနေတဲ့ ပြည်ပြေးတွေဖြစ်ပါတယ်။ အဲဒီပြည်ပြေးတွေက ပြည်ပမှာ အဖွဲ့အစည်းအမျိုးမျိုးကို ဖွဲ့စည်းထားကြပါတယ်။ အဲဒီ အဖွဲ့အစည်းအမျိုးမျိုးတွေက နိုင်ငံတကာကနေပြီးတော့ ငွေတွေရအောင် ရှာပါတယ်။ ရှာပြီးတော့ အဲဒီငွေတွေနဲ့ပံ့ပိုးပါတယ်။

ဗြိတိန်သံအမတ်ကြီး Ms. Victoria Jane Bowman

နမ့်ခမ်းဒေသမှာ ကေအိုင်အိုအဖွဲ့နဲ့ မြန်မာ့တပ်မတော်အကြားဖြစ်ပွားခဲ့တဲ့အရေးကိစ္စနဲ့ပတ်သက်ပြီး သိလိုပါတယ်၊ ဒီအရေးကိစ္စမှာ ကေအိုင်အိုအဖွဲ့တွေကို တပ်မတော်က ပစ်ခတ်မှုဖြစ်ပွားခဲ့တာနဲ့ပတ်သက်ပြီး တပ်မတော်က တပ်မတော်သားတွေကို ဘယ်လိုအရေးယူဆောင်ရွက်မလဲဆိုတာကို သိပါရစေ။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်

ကျွန်တော်တို့ သံချောင်းနဲ့အဖွဲ့ကို လိုက်လံပြီးတော့ ပိတ်ဆို့တဲ့နေရာမှာ နမ့်ခမ်းမှာ ကျွန်တော်အခြေပြုပြီးတော့ အနီးကပ် ကွပ်ကဲတဲ့အတွက် ဒီဖြစ်စဉ်အားလုံးကို ကျွန်တော်အသိဆုံး ဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်ကြပ်ကြီးအဆင့်ရှိသူ ထွန်းကျော်နဲ့အဖွဲ့ လက်နက်ချ အလင်းဝင်ရောက်ပြီးတဲ့အချိန်မှာ ကျန်တဲ့ သံချောင်းနဲ့အဖွဲ့ကို ကျွန်တော်တို့ တပ်မတော်စစ်ကြောင်းတွေက ဝန်းရံထားပါတယ်၊ အဲဒီအချိန်မှာ ပိတ်ဆို့ထားတဲ့ စစ်ကြောင်းတွေရဲ့နောက်မှာ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခု ရောက်ရှိနေတယ်ဆိုတာကို ကျွန်တော် မြေပြင်သတင်းရရှိပါတယ်။ အဲဒါကြောင့် အဲဒီ အဖွဲ့ကို တပ်မတော်စစ်ကြောင်းတစ်ခုနဲ့ဝင်ရောက်ရှင်းလင်းဖို့ ဆောင်ရွက်စေ ခဲ့ပါတယ်။ အဲဒီလိုဝင်ရောက် ရှင်းလင်း ရင်းနဲ့ ဒီဖြစ်စဉ်ဖြစ်ပွားခဲ့တာပါ။ တောတွင်းနဲ့တောင်ပေါ်စစ်ဆင်ရေး တွေမှာ ကန့်သတ်ချက်တွေ အများကြီး ရှိပါတယ်။ မြင်ကွင်းကန့်သတ်ချက်တွေ အများကြီး ရှိတဲ့အတွက် တောတွင်း တောင်ပေါ် တိုက်ပွဲတွေဟာ လက် တစ်ကမ်းအနီးကပ်တိုက်ခိုက်ရတဲ့ တိုက်ပွဲတွေဖြစ်ပါတယ်။ အခုဖြစ်စဉ်မှာလဲ ကျွန်တော်တို့ တောထဲမှာ အနီးကပ် တွေ့ရှိပြီးတော့ ပစ်ခတ် တိုက်ခိုက်ရတဲ့ တိုက်ပွဲဖြစ်ပါတယ်။ တွေ့ရှိပစ်ခတ်စဉ်က ဒီအဖွဲ့ဟာ ကေအိုင်အေအဖွဲ့မှန်းလဲ ကျွန်တော်တို့ မသိပါဘူး၊ နောင်မှ သူတို့ဆီက တာဝန်ရှိတဲ့လူတွေရောက်ရှိလာပြီးတော့ ကျွန်တော်တို့နဲ့ ဆွေးနွေးပါ တယ်။ ဖြစ်ပွားတဲ့နေရာက သူတို့ ကေအိုင်အေ နေရမယ့်နေရာ မဟုတ်ပါဘူး။ ယခင် သဘောတူညီထားတဲ့အတိုင်း သူတို့ အသီးသီးနေရမယ့် နေရာတွေကို ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ ဖြစ်စဉ်ဖြစ်ပွားတဲ့ နေရာက သူတို့ ရောက်ရှိပြီးတော့ နေရမယ့်နေရာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ ဒီဖြစ်စဉ် ဖြစ်ပွားပြီးတဲ့အခါမှာ သူတို့ဗဟိုက တာဝန်ရှိတဲ့သူတွေရောက်ရှိပြီးတော့ အဲဒီမှာရှိတဲ့ အခြေချဗျူဟာမှူးနဲ့ ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ပါတယ်။ သူတို့အနေနဲ့ သေဆုံးသွားတဲ့သူတို့အဖွဲ့တွေကို ကောင်းကောင်း သင်္ဂြိုဟ်ပြီးတော့ ဆုတောင်းပွဲပြုလုပ်ဖို့ မှားယွင်းတယ်ဆိုတာကို သူတို့ လက်ခံပါတယ်။ နောင်မှာ မှားယွင်းမှုမဖြစ်အောင် ဆောင်ရွက်ပေးဖို့ ပြောပါတယ်။ သူတို့အနေနဲ့ ဒီဘက်ကိုနယ်မြေမဟုတ်ဘဲနဲ့ ဝင်ရောက်လာတဲ့အတွက် အခုလိုမှားယွင်းတာဖြစ်တယ်ဆိုတာကို လက်ခံပါတယ်လို့လဲ ပြောပါတယ်။ ကျွန်တော်တို့ ဒီမှာလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီးတော့ သဘောတူထားတဲ့ဟာတွေရှိပါတယ်။ ကိုယ့်ရဲ့နယ်မြေမဟုတ်လို့ရှိရင် လက်နက်နဲ့လာခွင့်မရှိပါဘူး။ ဒါကျွန်တော်တို့သတ်မှတ်ထားတဲ့ သတ်မှတ်ချက်ဖြစ်ပါတယ်။ တကယ်လို့ မလွှဲသာလို့ လက်နက်နဲ့လာရင်တောင်မှ ခွင့်ပြုချက်တောင်းပြီး ခွင့်ပြုမှလာလို့ရပါတယ်။ အခုဖြစ်တဲ့အခြေအနေကလဲပဲ တစ်ဖက်မှာ သံချောင်းနဲ့အဖွဲ့ကို အပူတပြင်းလိုက်လံပိတ်ဆို့ပြီးတော့ ချေမှုန်းနေတဲ့အချိန်လဲဖြစ်တယ်။ ကျွန်တော်တို့ စစ်ဆင်ရေးဆောင်ရွက်တဲ့ အခါမှာ မှားယွင်းပစ်ခတ်မှုဆိုတာ တပ်မတော်စစ်ကြောင်းအချင်းချင်း၊ တပ်ရင်းအချင်းချင်းလဲဖြစ်တတ်သလို တပ်ရင်းအတွင်းမှာလဲပဲ ကျွန်တော်တို့ မှားယွင်းပစ်ခတ်တယ်ဆိုတာ ဖြစ်တတ်ပါတယ်။ ဒါတွေက တောတွင်းစစ်ဆင်ရေး၊ တောတွင်းတိုက်ပွဲတွေနဲ့ အခုလိုရန်သူနဲ့ အနီးကပ်ထိတွေ့မှုတွေဖြစ်နေတဲ့ကာလတွေမှာ ဖြစ်တတ်တဲ့သဘာဝဖြစ်ပါတယ်။ ဒါ့ကြောင့် ကေအိုင်အေအဖွဲ့အနေနဲ့လဲပဲ ဇန်နဝါရီလ ၆ ရက်နေ့မှာ ကျဆုံးသွားသူတွေရဲ့ ဆွေမျိုးသားချင်းတွေ လာရောက်ပြီးတော့ ဆုတောင်းပွဲလုပ်ပြီးတော့ ကောင်းကောင်း သင်္ဂြိုဟ်သွားပါတယ်။ သူတို့အနေနဲ့လဲပဲ သူတို့ရှိရမယ့်နေရာမဟုတ်တဲ့ နေရာမှာ ရောက်ရှိနေတဲ့အတွက် ဒီလိုမှားယွင်းတဲ့ဖြစ်စဉ်ကိုလဲ သူတို့လက်ခံပါတယ်။ နောင်မှာမဖြစ်ဖို့ သူတို့လဲ ဆောင်ရွက်ပါ့မယ်၊ ကျွန်တော်တို့လဲပဲ ဆောင်ရွက်ပါ ဆိုပြီးတော့ အားလုံးအောက်ခြေမှာ ပြေပြေလည်လည်နဲ့ အေးအေးချမ်းချမ်းပဲ ရှိပါတယ်။

နီပွန်တယ်လီဖေးရှင်းမှ ဦးအောင်ရွှေဦး

အခုရရှိထားတဲ့ဖမ်းဆီးမှု၊ လက်နက်ချမှု ပြီးတော့ လက်နက်၊ ခဲယမ်းမီးကျောက်များကို သိမ်းဆည်းမှုဟာ ၂၀၀၆ ရဲ့အစမှာ အင်မတန်ကြီးကျယ်တဲ့ဖြစ်ရပ်တစ်ခု ဖြစ်ပါတယ်။ ဒီဖြစ်ရပ်ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်စဉ် အပေါ်မှာရော၊ ယခုကျင်းပလျက်ရှိတဲ့ အမျိုးသားညီလာခံရဲ့ တိုးတက်ဖြစ်ပေါ်မှုအပေါ်မှာရော မည်သည့်အတိုင်းအတာအထိ အကျိုးသက်ရောက်ပါသလဲဆိုတာကို သိလိုပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးအောင်ရွှေဦး မေးတဲ့မေးခွန်းက ကနေ့စဝ်ခွန်ကျော်နဲ့အဖွဲ့ကို တချို့ဖမ်းမိတယ်။ တချို့ကိုလဲပဲ လုံးဝလက်နက်ချပြီးတော့မှ လက်နက်တွေ၊ ခဲယမ်းတွေရရှိတယ်။ အဲဒီရရှိတဲ့ဖြစ်စဉ်ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအပေါ်မှာ ဘယ်လိုများအကျိုးသက်ရောက်သလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အများကြီးသက်ရောက်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် **ကနေ့ပြည်သူတွေက သူတို့ရရှိနေတဲ့ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကြောင့် မတည်မငြိမ်ဖြစ်စေမယ့် သောင်းကျန်းမှုတွေကို သူတို့ လုံးဝ မလိုလားတော့ဘူး။ လုံးဝ မလိုလားပါဘူး။ အဲဒီလိုမလိုလားတဲ့အတွက်ကြောင့် စဝ်ခွန်ကျော်နဲ့အဖွဲ့ နမ့်ခမ်းနယ်မြေ အထူးသဖြင့်တော့ အရှေ့မြောက်တိုင်းနယ်မြေထဲကို ဝင်လာတဲ့အချိန်ကစပြီးတော့ ပြည်သူတွေကသူတို့တစ်တွေကို အတွေ့လဲမခံဘူး၊ ရိက္ခာလဲမပေးဘူး။ သူတို့ရဲ့သတင်း ရတာနဲ့ တပ်မတော်စစ်ကြောင်းတွေ၊ တာဝန်ရှိတဲ့သူတွေကို တစ်လျှောက်လုံးသတင်းပို့ခဲ့ပါတယ်။ အဲဒီတော့ ကနေ့ အောင်မြင်မှုဟာ ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင် လုပ်နေတာတွေကို ပြည်သူတွေက လက်မခံလို့ အခုလို အောင်မြင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအရှေ့မြောက်တိုင်းနယ်မြေမှာရှိတဲ့ ပြည်သူတွေ၊ နမ့်ခမ်းဒေသကပြည်သူတွေဟာ ဘယ်လောက်အထိ အေးအေးချမ်းချမ်းနဲ့၊ စည်းစည်းလုံးလုံးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို လိုလားတယ်ဆိုတာကို သူတို့ဖော်ထုတ်ပြသလိုက်တာပါပဲ။** အဲဒီလို ပြသလိုက်တာဟာ ကျန်တဲ့တိုင်းရင်းသားတွေအားလုံးအတွက်ပါ စံနမူနာပြဖြစ်သလို အားလုံးကလဲ ဒီသဘောရှိကြမှာဖြစ်ပါတယ်။ ဒီကိစ္စဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အများကြီး အထောက်အကူဖြစ်တယ်ဆိုတာကို ပြောလိုပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ယုံကြည်မှုသတင်းဂျာနယ်မှ ဦးအောင်ခိုင် မေးမြန်းစဉ်။
(သတင်းစဉ်)

ဂျီဂျီသတင်းဌာနမှ ဦးအောင်သူမြိုင် မေးမြန်းစဉ်။
(သတင်းစဉ်)

နီပွန်တယ်လီဖေးရှင်းမှ ဦးအောင်ရွှေဦး မေးမြန်းစဉ်။
(သတင်းစဉ်)

နီဟွန်ကေဇိုင်းရှင်ဘွန်း သတင်းစာမှ ဦးလှထွေး မေးမြန်းစဉ်။
(သတင်းစဉ်)



ပြည်မြန်မာသတင်းဂျာနယ်မှ ဒေါက်တာတင်ထွန်းဦး မေးမြန်းစဉ်။
(သတင်းစဉ်)



ပေါ်ပြူလာဂျာနယ်မှ ဦးဟိန်းလတ် မေးမြန်းစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

နောက် နံပါတ်နှစ်မေးခွန်းကတော့ အခုလိုဝင်ရောက်လာတဲ့ဖြစ်စဉ်၊ ဒီလိုဖြစ်စဉ်ဟာ အမျိုးသားညီလာခံ ဆောင်ရွက်မှုအပေါ်မှာရော ဘယ်လိုအကျိုးသက်ရောက်မှုရှိသလဲလို့မေးတာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံ ကနေ့ ဆောင်ရွက်နေတာဟာ ပြည်နယ်၊ တိုင်းအနှံ့က တိုင်းရင်းသားအားလုံးရဲ့ ကိုယ်စားလှယ်တွေ၊ အခြားသော အစုအဖွဲ့ခုနစ်ဖွဲ့က ကိုယ်စားလှယ်တွေနဲ့ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် စိတ်တူကိုယ်တူနဲ့ လုပ်ဆောင်နေကြတဲ့ အနေအထားဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်နေကြတဲ့ အနေအထားမှာ အမျိုးသားညီလာခံကိုဆန့်ကျင်နေတဲ့၊ ပျက်စီးအောင်လုပ်နေတဲ့ အဖျက်အမှောင့်တစ်ဖွဲ့မှ တချို့ဖမ်းဆီးရမိတယ်။ တချို့ကျတော့ အမြင်မှန်ရပြီး လုံးဝလက်နက်ချသွားတဲ့အတွက် အမျိုးသားညီလာခံ အတွက်လဲပဲ အင်မတန်မှ ပိုပြီးတော့ ကောင်းမွန်တယ်လို့ထင်ပါတယ်။

ယူမီယူရီရှင်ဘွန်းသတင်းစာမှဦးကိုကို

နံပါတ်တစ်မေးခွန်းကတော့ ရွက်ဆစ်အဖွဲ့ကို ရပ်တည်နိုင်ရေးအတွက် ငွေဘယ်လိုရရှိသလဲဆိုတာပါ။ ဒုတိယမေးခွန်းအနေနဲ့ကတော့ သူတို့ဟာ လစာရမရ၊ နောက်တစ်ခုက လွယ်တိုင်းလျှံစခန်းမှာနေထိုင်တဲ့ အခြေအနေနဲ့ စားဝတ်နေရေးအခြေအနေတွေ သိချင်ပါတယ်။

SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ

တပ်ရင်းမှူးအဆင့်ရှိ စိုင်းဘုန်း(ခ)ဘုန်းတင့်

ကျွန်တော်တို့ SSA(တောင်ပိုင်း)မှာ တပ်မဟာတွေရှိပါတယ်။ ဒီတပ်မဟာတွေဟာ သက်ဆိုင်ရာ သူ့ရဲ့နယ်မြေဒေသမှာ အခွန်ကောက်ခံခြင်း၊ ဆက်ကြေးကောက်ခံခြင်းလုပ်ရပါတယ်။ အဓိကကောက်ခံတဲ့ ဆက်ကြေးတွေကတော့ မော်တော်ကားတွေအခွန်ကောက်မယ်။ နောက်ရွာတွေမှာရှိတဲ့ ဆန်စက်တို့၊ထော်လာဂျီတို့အခွန်ကောက်မယ်။ နောက်နွားမှောင်ခိုအခွန်ကောက်မယ်၊ နောက်ပြီးတော့ ကျွန်းသစ်မှောင်ခိုလုပ်တဲ့သူတွေဆီမှာအခွန်ကောက်မယ်၊ နောက်ဘိန်းစိုက်တဲ့သူတွေဆီမှာ အခွန်ကောက်မယ်။ ဘိန်းမှောင်ခိုတွေဆီမှာ အခွန်ကောက်မယ်၊ ဒါတွေနဲ့ ရပ်တည်ကြပါတယ်။ ကျွန်းသစ် မှောင်ခိုတွေဆီမှာ အခွန်ကောက်တော့ ကျွန်းသစ်တစ်တန်ကို ငါးသောင်းနဲ့ ကောက်ပါတယ်။ မော်တော်ကားတွေဆိုရင် ကားကြီး ဆယ်ဘီးနဲ့ အထက်ဆိုရင် ကျပ်တစ်သိန်း၊ ကားလတ်တစ်စီးဆိုရင် ကျပ်ငါးသောင်း၊ ကားငယ်ဆိုရင် ကျပ်သုံးသောင်း စသဖြင့် ကောက်ခံပါတယ်။

ဖူဂျီ တယ်လီဗေးရှင်းမှ ဦးညွှန့်တင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဆန်စက်နဲ့ ထော်လာဂျီဆိုရင် ကျပ်ငါးထောင်ဆီ ကောက်တယ်။ နွားမှောင်ခို၊ကျွဲမှောင်ခိုတွေဆီကဆိုရင် ကျွဲတစ်ကောင်၊ နွားတစ်ကောင် ကျပ်သုံးထောင်ဆီ ကောက်ပါတယ်။ နောက်ဘိန်းအခွန်ကောက်တဲ့ နေရာမှာ နှစ်မျိုး ရှိပါတယ်။ တစ်မျိုးက ထွက်သမျှဘိန်းပေါ်မှာ မူတည်ပြီးတော့ ငွေကောက်ခံခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဘိန်းထွက်ရှိတဲ့အပေါ်မှာ ရာခိုင်နှုန်းအရ တွက်ချက်ပြီးတော့မှ ဥပမာ တစ်ပိဿာထွက်လို့ရှိရင် တစ်ဆယ်သားကောက်မယ်။ နှစ်ဆယ်သားကောက်မယ် စသဖြင့်ပေါ့ အဲဒီလိုကောက်ခံတာမျိုးနှစ်မျိုးဖြစ်ပါတယ်။

ကျွန်တော်တို့မှာ ၂၀၀၃ ဇွန်လအထိ လစာရပါတယ်။ အဲဒီတုန်းကတော့ ရဲဘော်တွေ၊ မိသားစုတွေ စားဝတ်နေရေး အဆင်ပြေကြပါတယ်။ နောက် ၂၀၀၃ ဇူလိုင်လကနေစပြီးတော့မှ ကျွန်တော်တို့ အခုထွက်လာတဲ့အချိန်အထိဟာ လစာမရတော့ဘူး။ အဲဒီနောက်ပိုင်းမှာ စားဝတ်နေရေး အဆင်မပြေဘူး ဒါကြောင့်မို့ ကျွန်တော်တို့ ရဲဘော်တွေဟာ များသောအားဖြင့် မီးသွေးဖုတ်ရောင်းကြတယ်၊ ထင်းခွေရောင်းတယ်၊ နောက်တောင်ထန်းရွက်တွေကို ခုတ်ပြီးရောင်းကြတယ်၊ နောက်သက်ငယ် ခုတ်ရောင်းတယ်၊ နောက်သစ်မွှေးရှာပြီးရောင်းတယ်။ တချို့အိမ်ထောင်သည်တွေကျတော့ မိန်းမတွေက ထိုင်းနိုင်ငံထဲမှာ နေ့စားအလုပ် သွားလုပ်ကြရတယ်။

နီဟွန်ကေဇိုင်းရှင်ဘွန်းသတင်းစာမှ ဦးလှထွေး

တစ်နိုင်ငံလုံး စိတ်အေးချမ်းသာဖို့အတွက်က တကယ်စိတ်စေတနာရှိတဲ့ လက်နက်ကိုင်အင်အားစုဆိုရင် ကျွန်တော်တို့အစိုးရအနေနဲ့ အမြဲလက်တွဲခေါ်တယ်ဆိုတာကျွန်တော်သိပါတယ်။ အဲဒီတော့ KNUနဲ့ သုံးကြိမ်လောက်ဆွေးနွေးပြီးမှ အခုရပ်ဆိုင်းသွားပါတယ်။ KNU နဲ့ နောက်ထပ် ဆွေးနွေးဖို့ အလားအလာများရှိပါသလား၊ နောက်ထပ်ကော လက်ကမ်းကြိုဆိုခဲ့ပါသလား သိပါရစေ။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

နိုင်ငံတော်အစိုးရနဲ့ KNUနဲ့ ဆွေးနွေးတယ်ဆိုတဲ့ဟာက မရပ်ပါဘူး။ ကျွန်တော်တို့ အဆက်အသွယ်ရှိပါတယ်။ ဟိုတစ်လောကပဲ ဆွေးနွေးရမယ့် အချိန်နဲ့ နေရာကို ပြန်ပြီးတော့ ညှိနှိုင်းနေကြတဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်အစိုးရဟာ ဦးလှထွေးပြောသလိုပါပဲ တကယ့်ကို စိတ်ရင်းစေတနာမှန်နဲ့ ဖြူဖြူစင်စင်နဲ့ လက်တွဲလာမယ့် မည်သည့် လက်နက်ကိုင်အဖွဲ့အစည်းကိုမဆို ကျွန်တော်တို့ ကြိုဆိုလျက်ရှိပါတယ်။ ကျွန်တော်တို့နဲ့တော့ ကနေ့အချိန်အထိ အဆက်အသွယ်ရှိပါတယ်။ ဦးလှထွေး ပြောသလို ရပ်ဆိုင်းသွားတယ်ဆိုတာ မဟုတ်ပါဘူး။

နီဟွန်ကေဇိုင်းရှင်ဘွန်းသတင်းစာမှ ဦးလှထွေး

တိုတိုပဲမေးပါမယ်၊ ဒါပေမယ့် ဒီမေးခွန်းက အရေးကြီးလို့ပါ။ ဒီမေးခွန်းက တခြားမဟုတ်ပါဘူး၊ အခု ခင်ဗျားတို့ အရင်တုန်းက ခေါင်းဆောင်ဖြစ်ခဲ့တဲ့ ရွက်ဆစ်ဟာ အခု လူအင်အားနဲ့ Troop ဘယ်လောက်လောက် ကျန်ပါသေးလဲ၊ အဲဒါသိရင် ပြောပြပါ။ သူရော အခုဘယ်နေရာမှာလဲ၊ ခုနကပြောတဲ့ ဟိုမိန်းဒေသမှာပဲ ရှိပါသလား။

SSA(တောင်ပိုင်း)တပ်မဟာ (၂၄၁)မှ

တပ်ရင်းမှူးအဆင့်ရှိ စိုင်းဘုန်း(ခ) ဘုန်းတင့်

အခု SSA(တောင်ပိုင်း)ရွက်ဆစ်အဖွဲ့မှာ ဗဟိုဌာနချုပ်မှာ ရုံးအဖွဲ့အပါအဝင် အင်အား၁၀၀၀ ကျော်လောက်ရှိမယ်။ ကျွန်တော်တို့ အခုဒီကို ထွက်လာတာ ၈လပိုင်း ၃၁ ရက်နေ့ ၂၀၀၅ ကပါ။ အဲဒီအချိန်အထိ ရွက်ဆစ်ကတော့ ထိုင်းမှာ ရှိနေပါတယ်။

ဖူဂျီတယ်လီဗေးရှင်းမှ ဦးညွှန့်တင်

ကျွန်တော် ပထမဆုံးပြောချင်တာကတော့ ကျွန်တော်တို့ ဗိုလ်ချုပ်ကို အများကြီး ကျေးဇူးတင်ပါတယ်။ အခု လက်နက်ချတဲ့အဖွဲ့၊ အလင်းဝင်လာတဲ့ အဖွဲ့တွေနဲ့ ကျွန်တော်တို့ တိုက်ရိုက်မေးခွင့်ရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ရဲဘော်တို့ကို သိချင်တာလေးတစ်ခုထဲပါ၊ သိချင်တာလေးကတော့ခင်ဗျားတို့ရဲ့ ရွက်ဆစ်အဖွဲ့အတွင်းမှာ လိုက်နာရတဲ့ စည်းကမ်းတွေပေါ့ဗျာ၊ ဘာမလုပ်ရဘူး၊ ညာမလုပ်ရဘူးဆိုတဲ့ စည်းကမ်းတွေ ဘာစည်းကမ်းတွေများသတ်မှတ်ထားတာရှိပါသလဲ၊ အဲဒါသိပါရစေ။

SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ

အလင်းဝင်ရောက်လာသော တပ်ကြပ်ကြီးအဆင့်ရှိ စိုင်းထွန်းကျော်

စည်းကမ်းနဲ့ ပတ်သက်လို့ ရွက်ဆစ်ဦးဆောင်တဲ့ SSA(တောင်ပိုင်း)က ချထားတာ ရှိပါတယ်ခင်ဗျာ။ စာအုပ်နဲ့ထုတ်ထားတာလဲရှိခဲ့ပါတယ်၊ ဒါပေမယ့်လဲ ခေါင်းဆောင်ပိုင်းကအစ၊ ရဲဘော်ကအစ မလိုက်နာကြပါဘူး။ စစ်ကြောင်းမှူး တပ်မဟာမှူးတွေက ရဲဘော်တွေကို ဦးဆောင်ပြီးတော့ လမ်းပိတ်၊ ကားတွေကို ဓားပြတိုက်တာလဲ ရှိခဲ့ပါတယ်။ ဥပမာ တပ်မဟာမှူး သံချောင်း(ခ)စဝ်ခွန်ကျော် ဦးဆောင်တဲ့ တပ်မဟာဆိုလို့ရှိရင် နောင်ပယ်နဲ့ ကျောက်မဲကားလမ်းမှာ ကားတွေကို ဓားပြတိုက်တယ်၊ တိုက်ပြီးတော့ အဲဒီကားပေါ်မှာ ရဲသုံးယောက်ပါလာတယ်၊ ရဲသုံးယောက်ကို သံချောင်းကနေ ညွှန်ကြားပြီး သတ်ခဲ့တဲ့ အဖြစ်တွေလဲ ရှိခဲ့ဖူးတယ်။ မိန်းမနဲ့ ပတ်သက်တဲ့ စည်းကမ်းတွေကိုလဲ သတ်မှတ်ထားတယ်၊ ဒါပေမယ့်လို့ ရွက်ဆစ်က တရားဝင် မိန်းမနှစ်ယောက်ရှိပါတယ်၊ ပြီးတော့ အခြား တရားမဝင်တဲ့ မိန်းမတွေလဲ ရှိပါတယ်။ နောက်ပြီးတော့ ဌာနချုပ်မှာ ဈေးလာရောင်းတဲ့ အသက်(၁၄–၁၅)အရွယ်ရှိတဲ့ ကလေးမချောချောလေးတစ်ယောက်ရှိတယ်။ သူ့နာမည်က နန်းမူကျော့၊ အဲဒီနန်းမူကျော့ကို ရွက်ဆစ်က ကားပေါ်တင်ပြီးတော့ သူ့အိမ်ကို ခေါ်သွားတယ်၊ ညဆိုလို့ရှိရင် ခေါ်သွားတယ်။ ခေါ်သွားပြီးမှ မတရားအိပ်တယ်၊ မတရားပြုကျင့်တယ်ပေါ့။ နောက်ပြီးတော့ ငွေပေးတယ်၊ ဆိုင်ကယ်လဲ နှစ်စီးဝယ်ပေးထားတယ်၊ အဲဒီလို စည်းကမ်းဖောက်ဖျက်တဲ့ အကျင့်မျိုးတွေ ရွက်ဆစ်ကိုယ်တိုင်ကအစ ပြုလုပ်နေပါတယ်။ ဒါတင်မကပါဘူး၊ (၇၅၈)တပ်မဟာမှူး မိန်စစ်ဆိုလည်း မိန်းမ အယောက် ၄၀ လောက်ယူတယ်၊ နောက်ပြီးတော့ တပ်မဟာ(၇၅၆) တပ်မဟာမှူးဖြစ်တဲ့ ခွတ်လောင်ဆိုတဲ့ လူကလဲ မိန်းမ အယောက်၂၀ လောက်ယူတယ်၊ ဒါဟာ သူတို့လူကြီးပိုင်းတွေပဲ မိန်းမတွေကို ယူချင်သလိုယူတယ်၊ ငွေနဲ့ပေါက်တယ်၊ ငွေနဲ့ပေးတယ်၊ အဲလိုပဲသူတို့က ခံစားနေကြတယ်။ ကျွန်တော်တို့ကတော့ ထုတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာနေရခြင်းဖြစ်ပါတယ်။

မဟာသတင်းဂျာနယ်နှင့် ကောင်းသတင်းဂျာနယ်မှ ဦးမြတ်ခိုင်

ရွက်ဆစ်အဖွဲ့က လက်နက်ချတဲ့ပုဂ္ဂိုလ်များကို မေးလိုပါတယ်။ လူသစ်စုဆောင်းတဲ့အခါမှာ အသက်ကန့်သတ်ချက်ရှိပါသလား။ စောစောက (၁၃)နှစ်သား မောင်စိုးနိုင်ဆိုတာကို တွေ့ပါတယ်။ အသက်ငါးဆယ်ကျော်သူကိုလဲ တွေ့ပါတယ်။ လူသစ်များကို ဘယ်လိုများ စုဆောင်းပါသလဲ။ နောက်တစ်ခု ကျွန်တော်သိလိုတာက လူသစ်စုတဲ့အထဲမှာ ပါသွားပြီးတော့ ဘာကြောင့် ထွက်မပြေးတာလဲ၊ အဲဒါ သိချင်ပါတယ်။ နောက်တစ်ခုက ဟိုဘက်ဘေးနားမှာ အနှိပ်စက်ခံ ပြည်သူများလို့တွေ့ရပါတယ်။ အနှိပ်စက်ခံပြည်သူများက ဘာတွေ အနှိပ်စက်ခံရတယ်ဆိုတာ သိလိုပါတယ်။ အဲဒီတော့ ခင်ဗျားတို့ရှေ့မှာ ခင်ဗျားတို့ကို နှိပ်စက်ခဲ့တဲ့ ရွက်ဆစ်အဖွဲ့ကို ခင်ဗျားတို့ တွေ့ရပါတယ်။ သူတို့ကို ဘာများပြောလိုပါသလဲ၊ အဲဒါသိလိုပါတယ်။

SSA(တောင်ပိုင်း)တပ်မဟာ(၂၄၁)မှ တပ်ခွဲမှူးအဆင့်ရှိ စိုင်းထူး

ကျွန်တော်တို့ ရွက်ဆစ်အဖွဲ့မှာ အင်အားသစ်စုဆောင်းတာတွေ ရှိပါတယ်။ အသက်ကန့်သတ်ချက်ကတော့ အသက်(၁၈)နှစ်ကနေပြီးတော့ (၄၀) အထိ အမျိုးသားတွေ စုဆောင်းပါတယ်။ ဒီလိုပဲ သတ်မှတ်ထားပါတယ်။ ဒါပေမယ့် အသက်(၁၈)နှစ်နဲ့ (၄၀)ကြားလို့ဆိုပေမယ့်လဲ အောက်ခြေတပ်မဟာတွေကတော့ ရရင်ရသလိုပဲ (၁၄)နှစ် (၁၅)နှစ်တွေလဲ ယူကြတာရှိပါတယ်။ မောင်စိုးနိုင်တို့ဘာတို့ဆိုရင် (၁၃)နှစ်၊ တချို့ဆိုရင် (၁၇)နှစ်တွေလဲ အများကြီး ပါပါတယ်။ နောက်ပြီးတော့ စုဆောင်းပုံ စုဆောင်းနည်းကတော့ ကျေးရွာတွေမှာ ရွာကြီးရင်ကြီးသလို၊ ငယ်ရင်ငယ်သလို တစ်ရွာကို လေးယောက်၊ ငါးယောက် ခေါ်ပါတယ်။ တကယ်လို့ မပေးနိုင်ဘူးဆိုရင် အဲဒီရွာကနေ လူတစ်ဦးလျှင် သုံးသိန်းကနေ ငါးသိန်းနှုန်းအထိ ကောက်ခံပါတယ်။ အဲဒီကောက်ခံတဲ့နေရာမှာ တပ်မဟာမှူးတချို့၊ တချို့ဆိုပေမယ့် တော်တော်များများပေါ့၊ လုပ်စားကြတာတွေရှိပါတယ်။ သုံးယောက်ကောက်ရမယ့်ရွာမှာ သုံးယောက် မကောက်ဘဲနဲ့ လေးယောက်၊ ငါးယောက်လောက် ကောက်ပါတယ်။ ကောက်ပြီး လို့ရှိရင် တစ်ယောက်ကို ငါးသိန်းနှုန်းငွေတွေပြန်တောင်း၊ ဒီလိုပဲ တပ်မဟာမှူးတွေ စီးပွားရှာနေကြတာရှိပါတယ်။ နောက်တစ်ခုက ဘာလဲ မသိဘူး။ ပြန်မေးပါဦး။

မဟာသတင်းဂျာနယ်နဲ့ ကောင်းသတင်းဂျာနယ်မှ ဦးမြတ်ခိုင်

နောက်တစ်ချက်က လူသစ်စုဆောင်းခံရတဲ့ပုဂ္ဂိုလ်များကို လူသစ်စုဆောင်းခံရပြီး ဘာကြောင့် ထွက်မပြေးကြတာလဲဆိုတာ သိလိုပါတယ်။

SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်ခွဲမှူးအဆင့်ရှိ စိုင်းထူး

သူတို့ဟာ တကယ်တမ်းဆိုလို့ရှိရင် စိတ်ပါလို့လာကြတဲ့သူတွေ မဟုတ်ကြပါဘူး၊ ဘယ်သူမှလဲ စိတ်ပါလို့လာကြတယ်ဆိုတာ သိပ်မရှိပါဘူး၊ ဒါကြောင့်မို့ သူတို့ဟာ လစ်ရင်လစ်သလို ထွက်ပြေးကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ရွာတွေကိုကောက်တဲ့ အခါကျတော့ တစ်ရွာကို ဘယ်နှယောက်ပေးရမယ်၊ မပေးရင် ရွာတွေကို ဘာလုပ်မယ်ခြိမ်းခြောက်တယ်။ နောက်ပြီး တကယ်လို့ မပေးရင် ရွာကို ပိတ်ပြီးဖမ်းတယ်။ ရွာသူကြီးတွေခေါ်ပြီး သတ်ပစ်မယ်၊ မီးရှို့မယ်၊ ခြိမ်းခြောက်တာမျိုးတွေရှိပါတယ်၊ အဲဒီအခါကျတော့ သူတို့ဟာ မလိုက်ချင်လဲ လိုက်ရတယ်။ ဒါကြောင့် ထွက်ပြေးတာတွေ ရှိပါတယ်။ အဲဒီလို ထွက်ပြေးတာမျိုးရှိရင်လဲ ပြန်မိလို့ရှိရင် ကြိမ်ဒဏ် ၃၀ ကနေ ၅၀ ရိုက်ခံရတာတွေရှိပါတယ်။ တကယ်လို့ ထွက်ပြေးတဲ့သူကို မမိဘူးဆိုရင် သူ့မိဘတွေကိုခေါ်ပြီးတော့ တောထဲမှာဖမ်းထားပြီး သူ့သားနဲ့ ပြန်လဲခိုင်းပါတယ်၊ အဲဒီလိုမျိုးတွေရှိခဲ့လို့လဲ တချို့တလေဟာ ပြေးချင်ရဲ့သားနဲ့ မပြေးရဲတာတွေရှိပါတယ်။



The Voice သတင်းဂျာနယ်မှ ဦးသောင်းထိုက် မေးမြန်းစဉ်။ (သတင်းစဉ်)

Weekly Eleven သတင်းဂျာနယ်မှ ဦးကျော်ဇေယျ မေးမြန်းစဉ်။ (သတင်းစဉ်)

မဟာသတင်းဂျာနယ်နှင့် ကောင်းသတင်းဂျာနယ်မှ ဦးမြတ်ခိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဆန်ကေးရှင်ဘွန်း သတင်းစာမှ ဒေါက်တာဇော်သန်း မေးမြန်းစဉ်။ (သတင်းစဉ်)

7 Day News သတင်းဂျာနယ်မှ ဦးမျိုးသာထက် မေးမြန်းစဉ်။ (သတင်းစဉ်)

ယူမီယူရီရှင်ဘွန်း သတင်းစာမှ ဦးကိုကို မေးမြန်းစဉ်။ (သတင်းစဉ်)

ဟိုပုံးမြို့နယ် ဆီထူးကျေးရွာမှ ဦးခွန်မောင်ငယ်

ကျွန်တော်တို့နေရာဒေသကို သူတို့က ၂၀၀၅ခုနှစ် ၃လပိုင်း ၂၃ ရက်ကစပြီး ဝင်ရောက်လာပါတယ်။ ဝင်ရောက်လာပြီးမှ သူတို့က ၂၃ ရက်၊ ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နေ့အထိ နေထိုင်ပါတယ်။ ၂၃ ရက်၊ ၂၄ ရက်နေ့မှာ ကျွန်တော်တို့ရွာကိုဝင်ရောက်လာပြီးတော့မှ ဆန်၊ဆီ၊ ဆားလာဝယ်ကြပါတယ်။ သူတို့အဖွဲ့ဝင်တွေ ရောက်ရောက်ချင်း ကျွန်တော်တို့ရွာသားတွေ အကုန်လုံး ထွက်ပြေးကြပါတယ်။ မိန်းကလေးတွေပဲ ကျန်ခဲ့ပါတယ်၊ မိန်းကလေးတွေကို ပစ္စည်းတွေကို တောင်ပေါ်အထိထမ်းခိုင်းပါတယ်။ ကျွန်တော်တို့ နေရာဒေသက အကုန်လုံးတောင်ပေါ်ဒေသဖြစ်တဲ့အတွက် တောင်ကြောတစ်လျှောက်လုံးမှာ ရွာကြီးရွာငယ်အများကြီးရှိတယ်။ ရွာကြီးရွာငယ်ဆိုတာ ကပ်လျက်ရွာတွေခင်ဗျာ။ ကွန်မူး၊ ပန်မိုင်းဆိုတဲ့ရွာတွေက ကျွန်တော်တို့ရွာရဲ့ တောင်ခြေအောက်ဘက်မှာ ရှိပါတယ်။ ကျွန်တော်တို့ဒေသကတော့ သနပ်ဖက်နဲ့ တောင်ယာနဲ့လယ်လုပ်ငန်းများ အဓိကလုပ်ကြပါတယ်။ ၂၆ ရက်နေ့ကျတော့ ကျွန်တော်တို့ရွာနဲ့ နောင်လေးရွာရဲ့အပေါ်ဘက် နှစ်မိုင် သုံးမိုင်လောက်ဝေးတဲ့ ရွာလေးအထက်မှာ တိုက်ပွဲဖြစ်ပါတယ်၊ တိုက်ပွဲဖြစ်တဲ့ အချိန်ကျတော့ ကျွန်တော်တို့ရွာက ဘာတစ်ခုမှ မကြားရပါဘူး။ ဒါပေမယ့် သူတို့က ဆိုင်ရာဆိုင်ရာ ရွာတွေကို တပ်စိပ် နှစ်စိပ် သုံးလေးစိပ်လောက် ချထားတယ်ခင်ဗျာ။ တိုက်ပွဲ ၉ နာရီစဖြစ်တာနဲ့ စပြီးတော့ မီးရှို့ပါတယ်။ ၉ နာရီခွဲအချိန်မှာ တစ်ပြိုင်နက် ရှို့ပါတယ်။ အဲဒီအချိန်မှာ ရွာသူရွာသားတွေလဲ အကုန်လုံး ထွက်ပြေးကြပါတယ်။ တချို့ကျတော့လဲ ***စာမျက်နှာ ၁၂ ကော်လံ ၁***

စာမျက်နှာ ၁၁ မှ

သနပ်ဖက်တောထဲ ဝင်ပြေးကြပါတယ်။ ဘယ်လိုမှ တောင်းပန်လို့ မရပါဘူး။ ကျွန်တော့်အမျိုးသမီးရဲ့ညီမတွေက တောင်းပန်ပါတယ်။ အိမ်ပေါ်တက်ပြီးမရှို့ပါနဲ့၊ မိသားစုတွေက တအားဒုက္ခဆင်းရဲရောက်တဲ့အကြောင်း ရှင်းပြပါတယ်။ မရပါဘူး၊ သူတို့ကပြောတယ်၊ မင်းတို့သေချင်ရင် အိမ်ပေါ်မှာပဲနေ၊ တို့ကတော့ရှို့မှာပဲတဲ့။ ဘယ်လိုပဲဖြစ်ဖြစ် အထက်က ရှို့ခိုင်းတာ ရှို့မှရမယ်၊ မရှို့လို့မရဘူး။ အဲဒါကြောင့်မို့လို့ အကုန်မီးရှို့ခံရတယ်။ ကျွန်တော်တို့ရွာဆို ၃၂လုံးမီးရှို့ခံရတယ်။ တွဲဖက်အလယ်တန်းကျောင်းအပါအဝင် မူလတန်းကျောင်းရော အကုန်လုံးမီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။ ကျွန်တော်တို့ ဆီထူးကျေးရွာ၊နောင်လေးကျေးရွာ၊ ပန်မိုင်းကျေးရွာတွေက အိမ်ခြေပေါင်း ၉၈ လုံးတိတိ မီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။

မဟာသတင်းဂျာနယ်နှင့်

ကောင်းသတင်းဂျာနယ်မှ ဦးမြတ်ခိုင်

သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ခဲ့သော ဦးအိုက်မုန်း ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ကျွန်တော်စောစောက မေးတဲ့ မေးခွန်းလေးတစ်ခု ကျန်ခဲ့ပါတယ်။ ဆရာတို့ကို နှိပ်စက်ခဲ့တဲ့ အိမ်တွေကို မီးရှို့ခဲ့တဲ့ ရွက်ဆစ်အဖွဲ့ကို ဆရာတို့ရှေ့မှာ လက်နက်ချနေတာတွေ့ရပါတယ်။ သူတို့ကို ဆရာတို့ဘာများပြောလိုပါသလဲ သိချင်ပါတယ်။

ဆရာတို့ကိုနှိပ်စက်ခဲ့တယ်ဆိုတဲ့လူတွေ၊ အိမ်တွေကိုမီးရှို့ခဲ့တယ်ဆိုတဲ့လူတွေ တောင်းပန်နေတဲ့ကြားထဲက ရက်စက်ခဲ့တဲ့လူတွေကို ခင်ဗျားတို့ရှေ့မှာ တွေ့နေရတယ်။ သူတို့က လက်နက်ချနေပြီ။ အဲဒီတော့ ခင်ဗျားတို့ သူတို့ကို ဘာများပြောလိုသလဲ။

ရွာသား ဦးခွန်အောင်

ဩော် . . . သူတို့လက်နက်ချတယ်ဆိုတော့လဲ ကျွန်တော်တို့

Weekly Eleven သတင်းဂျာနယ်မှ ဦးကျော်ဇေယျ

အခုလက်နက်ချ အလင်းဝင်လာတဲ့အဖွဲ့တွေကို ကျွန်တော်မေးချင်ပါတယ်။ ဒီအလင်းဝင် အဖမ်းခံရပြီးနောက်ပိုင်းမှာ တပ်မတော်က ဘယ်လိုဆက်ဆံခဲ့ပါသလဲ။ နှိပ်စက်မှုများရောရှိပါသေးသလား၊ အဲဒါ မေးချင်ပါတယ်။

SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ

တပ်ရင်းမှူးအဆင့်ရှိ စိုင်းဘုန်း(ခ)ဘုန်းတင့်

ကျွန်တော်တို့ အဲဒီမှာပေါ့၊ တပ်မတော်စစ်ကြောင်းတွေနဲ့ ဝိုင်းပိတ်ပြီးတော့ လက်နက်ချဖို့အမိန့်ပေးတယ်။ ကျွန်တော်တို့ လက်နက်ချတယ်။ လက်နက်ချတော့ ကျွန်တော်တို့ကို လာခေါ်တာက ဗျူဟာမှူးတစ်ယောက်ဖြစ်ပါတယ်။ နာမည်တော့ မမှတ်မိဘူး။ ကျွန်တော်တို့ လက်နက်ချချချင်း ဘာလုပ်ချင်သလဲမေးတော့ ထမင်းစားချင်တယ်လို့ ဖြေလိုက်တယ်။ သူ့ရွာမှာ ထမင်းချက်ချင်းစီစဉ်လိုက်တာ နာရီဝက်အတွင်း ထမင်းစားရပါတယ်။ နောက်ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန် ညီလိုအစ်ကိုလိုဆက်ဆံတယ်။ ရိုက်ပုတ်ဖို့မပြောနဲ့၊ ကျွန်တော်တို့ကို ဆဲတာဆိုတာ ကြိမ်းမောင်းတာမျိုး၊ လေသံမာတာမျိုးတောင် မရှိပါဘူး။ ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်။ အခုချိန်အထိ ထောင်ဝန်ထမ်းကအစ၊ ပြည်သူ့ရဲ့ အဆုံး ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်။

ပြည်မြန်မာသတင်းဂျာနယ်မှ ဒေါက်တာတင်ထွန်းဦး

လက်နက်ချအလင်းဝင်လာတဲ့အဖွဲ့ထဲက ပုဂ္ဂိုလ်တွေကို မေးချင်တာကတော့ ရွက်ဆစ်အဖွဲ့ဟာ မူးယစ်ဆေးဝါးလုပ်ငန်းတွေနဲ့ ပတ်သက်လို့ ဘယ်လောက်အထိ ဘယ်လိုပါဝင်ပတ်သက်ခဲ့ပါသလဲ၊ ဘယ်လိုလုပ်ခဲ့ပါသလဲ အခုလောလောဆယ်ရော မူးယစ်ဆေးဝါး လုပ်ငန်းတွေ လုပ်နေဆဲဖြစ်ပါသလား၊ ရှင်းပြပေးစေလိုပါတယ်။

SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်ကြပ်အဆင့်ရှိ ခိုင်ဝင်း

ကျွန်တော်က တပ်မဟာ(၂၄၁)မှ ကြားဖြတ်စက်သမားပါ၊ အစတုန်းက တပ်မဟာ(၂၄၁)ကို ကျွန်တော်မပြောင်းခင်က ရွက်ဆစ်နဲ့သုံး၊ လေးနှစ်လောက် ဌာနချုပ်မှာ လိုက်နေဖူးပါတယ်။ အဲဒီတုန်းကလဲ ကျွန်တော် ကြားဖြတ်

ထည့်ရင် ငွေမထည့်ရဘူး၊ ဘိန်းဘယ်နှပိဿာ ထည့်ရမယ်၊ ဘယ်လောက်ထည့်ရမယ်ဆိုပြီးတော့မှ အဲဒီလိုချမှတ်ပေးလိုက်တယ်။ ဒါဟာ ဘိန်းစိုက်အောင်တိုက်တွန်းတာပဲဖြစ်တယ်၊ နောက်ပြီးတော့ ဌာနချုပ်နဲ့လက်လှမ်းမီရာ ကျေးရွာတွေမှာဆိုရင် သေသေချာချာ စိုက်ခိုင်းတယ်၊ မိသားစုတွေကိုလဲ တချို့ကိုစိုက်ခိုင်းတယ်၊ စိုက်ခိုင်းပြီးရင် သူတို့က အဲဒီဘိန်းဆီတွေကို ခြစ်ယူတယ်၊ ခြစ်ယူပြီးလို့ အဲဒီဘိန်းဆီတွေ ခန်းပြီကုန်ပြီဆိုတဲ့အခါမျိုးဆိုရင် ဗီဒီယိုတွေ ဘာတွေရိုက်ပြီးတော့ နိုင်ငံတကာကို SSA(တောင်ပိုင်း)အဖွဲ့ကလဲ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို လုပ်နေပါတယ်ဆိုပြီးမှ ရိုက်ကူးပြီး ထုတ်လွှင့်ခဲ့တာမျိုးတွေရှိပါတယ်။ ဒါကြောင့်မို့လို့ သူတို့အဖွဲ့ဟာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တယ်ဆိုတာကတော့ အခိုင်အမာ ပြောနိုင်ပါတယ်။

ပေါ်ပြူလာဂျာနယ်မှ ဦးဟိန်းလတ်

လွယ်တိုင်းလျှံဆိုတဲ့ ရွက်ဆစ်ဌာနချုပ်ကို နိုင်ငံခြား သတင်းထောက်တွေနဲ့ NGO တွေမကြာခဏရောက်ရှိကြတယ်ဆိုတာ ကျွန်တော်ကြားရပါတယ်၊ အဲဒါ ဘယ်လိုအုပ်စု ဘယ်လိုလူတွေလဲဆိုတာ သိချင်ပါတယ်။

SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်ခွဲမှူးအဆင့်ရှိ စိုင်းထူး

လွယ်တိုင်းလျှံ ဌာနချုပ်ကို နိုင်ငံခြားသားတွေရောက်ရှိလာတာ ဟုတ်ပါတယ်ခင်ဗျာ၊ လွယ်တိုင်းလျှံကိုသတင်းထောက်တွေ အများအားဖြင့် လာကြပါတယ်။ BBC,RFA, VOA , DVB စတဲ့သတင်းထောက်တွေ လာတာရှိပါတယ်။ လွယ်တိုင်းလျှံမှာ ဒုက္ခသည်စခန်းဆိုတာ တစ်ခုရှိပါတယ်၊ အဲဒီစခန်းကို ဝမိုင်လို့ခေါ်ပါတယ်၊ အဲဒီဝမိုင်စခန်းကို NGO အဖွဲ့တွေ အများအပြားလာတာတွေ့ရပါတယ်၊ နောက်ပြီး ဝမိုင် ဒုက္ခသည်စခန်းဆိုတာလဲ ခွန်ဆာခေတ်က ကျန်တဲ့ ခြေပြတ်၊ လက်ပြတ်တွေ စုပြီးတော့ဖွဲ့ထားတဲ့ ရွာတစ်ရွာဖြစ်ပါတယ်။ အဲဒီ ဝမိုင်ရွာမှာလဲ ဒုက္ခသည်အမည်ခံ SSA တပ်ဖွဲ့ရဲ့ မိသားစုတွေ စာရင်းပေးထားတာတွေလဲ ရှိပါတယ်။ ရွက်ဆစ်အဖွဲ့ရဲ့ စားဝတ်နေရေး ဖြေရှင်းနည်းတစ်ခုပေါ့၊ထောက်ပံ့ကြေးတွေကို အဲဒီဝမိုင်ရွာကနေ NGO အဖွဲ့တွေ အကူအညီနဲ့ ရရှိတဲ့ငွေကြေးနဲ့ မိသားစုတွေ ခွဲပြီးတော့ ဝေစားကြပါတယ်။ နောက်ပြီးအဲဒီအဖွဲ့မှာ ကျွန်တော်သိတဲ့နာမည်ကတော့ ဖရီးဘားမား ရိန်းဂျားအဖွဲ့ဆိုတာ ရှိပါတယ်။ အဲဒီအဖွဲ့ကို ဦးဆောင်တာက အမေရိကန် နိုင်ငံသား ဒေးဗစ်လို့ သိရပါတယ်၊ အခု ၂၀၀၅ နှစ်စပိုင်းမှာ

သတင်းစာ ရှင်းလင်းပွဲတွင် မေးမြန်းချက်များနှင့် စပ်လျဉ်း၍ အနှိပ်စက်ခံ ပြည်သူများကိုယ်စား ဆီထူးကျေးရွာမှ ဦးခွန်မောင်ငယ် ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းချက်များနှင့် စပ်လျဉ်း၍ အနှိပ်စက်ခံပြည်သူများကိုယ်စား ရွာသား ဦးခွန်အောင် ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းချက်များနှင့် စပ်လျဉ်း၍ SSA (တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ တပ်ခွဲမှူး အဆင့်ရှိ စိုင်းထူး ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းချက်များနှင့် စပ်လျဉ်း၍ SSA (တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ တပ်ကြပ်ကြီး အဆင့်ရှိ စိုင်းထွန်းကျော် ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းချက်များနှင့် စပ်လျဉ်း၍ SSA (တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ တပ်ရင်းမှူး အဆင့်ရှိ စိုင်းဘုန်း(ခ)ဘုန်းတင့် ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းချက်များနှင့် စပ်လျဉ်း၍ SSA (တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ တပ်ကြပ် အဆင့်ရှိ ခိုင်ဝင်း ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဝမ်းသာရပါတယ်။ဒါပေမယ့် လက်နက် မချသေးတဲ့ဟာကျတော့ ကျွန်တော်တို့လဲ စိတ်ပူပူလေးနဲ့နေထိုင်ရတာဆိုတော့လဲ တအားစိုးရိမ်ခံစားနေရပါတယ်။

ဆန်ကေးရှင်ဘွန်းသတင်းစာမှ ဒေါက်တာဇော်သန်း

ကျွန်တော်မေးချင်တဲ့မေးခွန်းတစ်ခုကတော့ ဒီသံချောင်းနဲ့အဖွဲ့ပေါ့လေ။ သူတို့ထွက်လာတုန်းက မူးယစ်ဆေးဝါးတွေ၊ ဘိန်းတွေ၊ စိတ်ကြွဆေးတွေ၊ အက်ဖတ်တမင်းတွေပါလာတယ်ဆိုပြီးတော့ ရှင်းလင်းတဲ့အထဲမှာသိရပါတယ်။ အဲဒီ မူးယစ်ဆေးဝါးတွေကို ဘယ်လိုအသုံးပြုလဲ၊ သူတို့ ဘယ်ကရသလဲ၊ ဒါတွေကို ဘယ်ကယူဆောင်လာသလဲဆိုတာ သိလိုပါတယ်။

SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်ကြပ်အဆင့်ရှိ ခိုင်ဝင်း

ကျွန်တော်တို့အဖွဲ့ သယ်ဆောင်လာပါတယ်။ ပါလာတယ်ဆိုတဲ့မူးယစ်ဆေးဝါးတွေ ဘယ်ကရလာသလဲဆိုတော့ ဌာနချုပ်ကနေ ပါလာတာပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဌာနချုပ်က မူးယစ်ဆေးဝါးအလုပ်တွေနဲ့ အများကြီးပတ်သက်ထားတာရှိပါတယ်။ ဌာနချုပ်ဝန်းကျင်က ကန့်သတ်နယ်မြေတွေမှာ မူးယစ်ဆေးဝါးချက်လုပ်တယ်။ နောက် စိုးမိုးတဲ့စစ်ကြောင်းတွေမရောက်နိုင်တဲ့နေရာတွေမှာ ဘိန်းတွေစိုက်ခိုင်းတာရှိတယ်။ စိုက်ခိုင်းပြီးပြီဆိုရင် အဲဒီဘိန်းတွေဆေးခြစ်ပြီးပြီဆိုရင်တော့ နိုင်ငံတကာကို သူတို့ဘိန်းခင်းဖျက်ဆီးတယ်ဘာညာဆိုပြီး သူတို့လုပ်ပြတာရှိတယ်။ ဒါကြောင့်မို့လို့ ဘိန်းစိမ်းတွေ အဲဒီကပါလာတာဖြစ်တယ်။ မူးယစ်ဆေးဝါးစိတ်ကြွဆေးပြား၊ ငွေစက္ကူအတုတွေ ပါလာတယ်ဆိုတာလဲ ဌာနချုပ်ကပဲပါလာတာဖြစ်တယ်။ သူတို့ဌာနချုပ်မှာပဲ လုပ်ကြတာဖြစ်တယ်။ အရောင်းအဝယ် လုပ်တာဖြစ်တယ်။ လောလောဆယ်ပါတဲ့ဘိန်းစိမ်းကို အထမ်းသမားတွေ၊ နောက်လမ်းပြတွေကို ကျွေးလိုက်တာဖြစ်တယ်။ နောက် မူးယစ်ဆေးဝါးစိတ်ကြွဆေးပြားကိုတော့ သံချောင်းကနေပြီးမှ စစ်ကြောင်းမှာချီတက်ရတဲ့အခါမှာ အကုန်လုံးနေ့ရော ညရော ချီတက်ရတယ်။ နောက် အစားအသောက်တွေ မစားရတဲ့ဟာတွေရှိတယ်။ နောက် မြန်မာ့တပ်မတော်စစ်ကြောင်းတွေကလဲ တအားပိတ်ဆို့ထားတဲ့အခါကျတော့ လှုပ်ရှားမှုကလဲ မြန်ဆန်ဖို့လိုတယ်ဆိုတဲ့နေရာမှာ ရဲဘော်တွေကို အမဲ့တိုက်ကျွေးပြီးတော့မှ ချီတက်စေတာဖြစ်တယ်။ အဲဒီနေရာမှာ အသုံးပြုတာဖြစ်ပါတယ်။

စက်သမားပဲ ဖြစ်ပါတယ်၊ သူတို့က မူးယစ်ဆေးဝါး လုပ်ကိုင်တဲ့နေရာမှာ ကျွန်တော်သိရသလောက်ဆိုရင် ဘိန်းဖြူလုပ်တာ နည်းပါတယ်။ အများဆုံး လုပ်တာကတော့ စိတ်ကြွဆေးပြားပဲ ဖြစ်ပါတယ်၊ နောက်တစ်ခုကတော့ ဘိန်းစိမ်းတွေကို ပက်ခ်ထုပ်ခိုင်းပါတယ်။ စိတ်ကြွဆေးပြားတွေကို ထုတ်လုပ်တယ်လို့ ကျွန်တော်က ဘယ်လိုပြောနိုင်သလဲဆိုတော့ သူတို့ ထုတ်လုပ်တဲ့စက်ရုံတွေ ရောင်းချပုံတွေကိုတော့ ကျွန်တော်တို့ကို အသိမပေးပါဘူး၊ မမြင်ခိုင်းပါဘူး၊ ထိပ်တန်းလျှို့ဝှက်ပါ။ သူတို့ကန့်သတ်နယ်မြေတွေ ပြုလုပ်ထားတယ်၊ လုံးဝမဝင်ရဘူးဆိုပြီးတော့ လုံခြုံရေး ထူထူထပ်ထပ်ချထားတယ်၊ အဲဒီအထဲကို သွားတဲ့ မော်တော်ယာဉ်အဝင်အထွက်တွေမှာ ဘာတွေတင်သွားသလဲ၊ ပြန်ထွက်လာတဲ့အခါ ဘာတွေတင်ပြီးထွက်လာသလဲဆိုတာတွေ၊ နောက်ထွက်လာတာ ညကြီးအချိန်မတော် ထွက်လာတာမျိုးတွေ နောက်ပြီးတော့ ကျွန်တော်တို့ တပ်ဖွဲ့ဝင်မဟုတ်တဲ့ လူစိမ်းတွေ အဝင်အထွက်လုပ်ကြတာ၊ သူတို့ခေါင်းဆောင်ပိုင်းတွေနဲ့ စားပွဲသောက်ပွဲတွေ လုပ်ကြတာတွေ ကျွန်တော်တို့သိတယ်၊ နောက်သူတို့ကန့်သတ်ထားပါတယ်ဆိုတဲ့နေရာတွေမှာ သူတို့ရဲ့ ယုံကြည်ရတဲ့ တပ်ဖွဲ့ဝင်တွေနဲ့ လုံခြုံရေးထူထူထပ်ထပ်ချထားပေမယ့် အဲဒီတပ်ဖွဲ့ဝင်တွေဟာလဲ တချို့ဟာတွေက ကျွန်တော်တို့နဲ့ အပေါင်းအသင်းတွေ၊ သူငယ်ချင်းတွေ ဖြစ်တယ်၊ ဒါကြောင့်မို့ သူတို့ဆီကနေလဲ ကျွန်တော်တို့ သိရတယ်၊ဒီအထဲမှာတော့ဖြင့် စိတ်ကြွဆေးပြားချက်တယ်၊ ဒီအထဲ မှာတော့ဖြင့် လက်နက်စက်ရုံရှိတယ်၊ ဒီအထဲမှာ ဘာရှိတယ် စသည်အားဖြင့် သူတို့ဆီကနေ တစ်ဆင့် ကျွန်တော်တို့ သိရတယ်။ နောက်ပြီးတော့ ပိုပြီးတော့ သိသာတာက စောစောက ရှင်းပြသလို ကျွန်တော်တို့ လခမရတာဟာ နှစ်နှစ်လောက်ရှိပါပြီ၊ဘာကြောင့်လဲဆိုတာတော့ အဖွဲ့အစည်းအတွင်းမှာရှိတဲ့ နူတ်မလုံတဲ့ လူကြီးတွေကနေ တစ်ဆင့်ပေါက်ကြားတာက ထိုင်းတွေက မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်တော့ တို့လဲ ငွေမရဘူးကွာတဲ့၊ အဲဒီလို ဗဟိုမှ လူကြီးတွေကိုယ်တိုင်က ညည်းညူ တာလဲ ကျွန်တော်တို့ ကြားတယ်။ ဒါကြောင့်မို့လို့ သူတို့အဖွဲ့ဟာ အထူးသဖြင့်တော့ စိတ်ကြွဆေးပြားကို ထုတ်လုပ်ရောင်းချတယ်လို့ အခိုင်အမာ ယုံကြည်ရပါတယ်။ နောက်တစ်ခုကတော့ ဘိန်းစိမ်းကို စောစောက ရှင်းခဲ့တုန်းကလဲပါတယ်၊ ဆက်ကြေးအနေနဲ့လဲ လိုက်ကောက်တယ်၊ ပိုပြီးတော့ စိုက်ဖို့လဲ အားပေးတယ်၊ ဘယ်လို အားပေးသလဲဆိုတော့ ဥပမာ–ဒေသတစ်ခုဟာ ဘိန်းစိုက်ပျိုးမှု မရှိပါဘူး၊ဒါပေမယ့် အဲဒီဒေသမှာ စိုက်ပျိုးမြေ ကောင်းတယ်ဆိုရင် သူက မစိုက်စိုက်အောင် တိုက်တွန်းတယ်၊ မင်းတို့ရွာက ဒီနှစ်အတွက်ပေါ့၊ ဆက်ကြေး

ဒေးဗစ်နဲ့ မိသားစု လာသွားပါသေးတယ်။ သူ့မိန်းမရယ်၊ ဒေးဗစ်ရယ်၊ သမီး နှစ်ယောက်ရယ် အဲဒီဒုက္ခသည်စခန်းဘက်ကို လာသွားတာ တွေ့ရပါတယ်။

ဂျီဂျီသတင်းဌာနမှ ဦးအောင်သူမြိုင်

ခုနတုန်းက သံချောင်းရဲ့ အဖွဲ့တွေက ရွာမီးရှို့၊လူသတ်၊ ဓားပြတိုက်တယ်ဆိုတော့ အခုကျွန်တော်တို့ ရှေ့မှာတွေ့ရတဲ့ SSA(တောင်ပိုင်း) အဖွဲ့က အလင်းဝင်လာတဲ့ ၊ ဖမ်းမိတဲ့ခင်ဗျားတို့ကရော ရွာကို မီးရှို့ဖူးလား၊လူသတ်တာ၊ ဓားပြတိုက်တာတွေ လုပ်ဖူးကြပါသလား၊ လုပ်ဖူးကြရင်လုပ်ဖူးကြတဲ့အကြောင်း၊ ဖြေကြားပေးပါ၊ မလုပ်ဖူးဘူးဆိုရင်လဲ သံချောင်းအပြင် ဘယ်သူတွေက ဒါမျိုးလုပ်တယ်လို့ ခင်ဗျားတို့ သိတာလေးတွေ ပြောပြပေးပါ။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ဟိုတုန်းက ပြည်သူလူထုကနေပြီးတော့ ကြီးလန့်စာစားဘဝနဲ့နေခဲ့ရတယ်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အောက်ကျ နောက်ကျနေခဲ့ရတယ်။ ငြိမ်းချမ်းရေးရယူပြီးတဲ့ နောက်ပိုင်းမှာ ဆိုရင်တော့ ပြည်သူလူထုကလဲ စိတ်လက်ချမ်းချမ်းသာသာနဲ့ပညာရေး၊ကျန်းမာရေး၊စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ရင်း ကောင်းကောင်းမွန်မွန် စိတ်အေး အေးချမ်းချမ်းနဲ့ နေသွားတာတွေ့ရတယ်။ ဒါကြောင့်မို့ကျွန်တော်တို့ဒီကနေ့ငြိမ်းချမ်း ရေးနှင့်လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ခဲ့ခြင်း ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ခဲ့သော ဦးအိုက်မုန်း

စာမျက်နှာ ၁၂ မှ

SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ

တပ်ရင်းမှူးအဆင့်ရှိ စိုင်းဘုန်း(ခ)ဘုန်းတင့်

ကျွန်တော့်ရွာ မီးရှို့တာတော့မလုပ်ဖူးဘူး၊ လူတော့သတ်ဖူးတယ်။ ၂၀၀၀ ပြည့်နှစ် မတ်လမှာ ကျွန်တော်တို့ ကားလမ်းဆက်ကြေးသွားကောက်ကြတယ်။ သွားကောက်တော့ ရဲသုံးယောက်နဲ့ထိတွေ့မှုဖြစ်ပြီးတော့မှ သူတို့ကိုဖမ်းမိတယ်။ ဖမ်းမိတော့ ကျွန်တော်တို့ကြိုးချည်ပြီးခေါ်သွားတယ်။ အထက်ကိုတင်ပြတာ အထက်က သတ်လိုက်ပါဆိုတော့ သတ်လိုက်ပါတယ်။ ရဲသုံးယောက်၊ ရဲတပ်ကြပ်တစ်ယောက်၊ ဒုတပ်ကြပ်တစ်ယောက်၊ ရဲတပ်သားတစ်ယောက်ဖြစ်ပါတယ်။ ရွာကိုတော့မီးမရှို့ဖူးပါဘူး။ ဒါပေမယ့် ၂၀၀၀ပြည့်နှစ်မတ်လပိုင်းလောက်ကတော့ တပ်မဟာ(၁၉၈)က စိုင်းညာနဲ့ကာဦးတို့ဦးဆောင်တဲ့ လူ၈၀လောက်ရှိတဲ့ စစ်ကြောင်းတစ်ကြောင်း ပအိုဝ်းနယ်ထဲကိုဖြတ်သွားတာရှိတယ်။ အခွန်သွားကောက်တာ၊ အခွန်သွားကောက်တော့ အဲဒီမှာ တပ်မတော်စစ်ကြောင်းတစ်ကြောင်းနဲ့တွေ့ပြီး တိုက်ပွဲဖြစ်တယ်။ တိုက်ပွဲဖြစ်တော့ ဒီလိုတိုက်ပွဲဖြစ်ရတာဟာ ဒီပအိုဝ်းရွာတွေက တပ်မတော်ကိုသတင်းပို့လို့ဖြစ်တာဆိုပြီးတော့မှ ဒီပအိုဝ်းရွာကိုမီးရှို့တာ အိမ်ခြေရှစ်လုံးနဲ့ နောက်သူတို့ရဲ့ဆန်စပါးသိုလှောင်ရုံတွေပျက်စီးသွားတယ်ဆိုတာတော့ ကျွန်တော်ကြားဖူးပါတယ်။

ယုံကြည်မှုသတင်းဂျာနယ်မှ ဦးအောင်ခိုင်

ကျွန်တော်အနေနဲ့ အလင်းဝင်လာတဲ့အဖွဲ့တွေကိုမေးချင်ပါတယ်။ အခုသူတို့ချီတက်လာရာ မြေပုံဆွဲပြထားတာကို ကျွန်တော်တို့တွေ့ပါတယ်။ အဲဒီမှာ ချီတက်လာရာလမ်းတစ်လျှောက်မှာ ပြည်သူတွေရဲ့သဘောထားက ဘယ်လိုရှိပါသလဲ။ နောက်တစ်ခုက သူတို့ဖြတ်သန်းလာရတဲ့ နယ်မြေခံလူထုဒေသတွေအနေနဲ့ သူတို့ကို ဘယ်လိုဆက်ဆံသလဲဆိုတာလဲ သိချင်ပါတယ်။ နောက်တစ်ခုကတော့ သံချောင်းဦးစီးပြီးတော့ ချီတက်လာခဲ့တဲ့အခါမှာ အခုဒီမှာတော့ သံချောင်းဆိုတာမမြင်မိပါဘူး။ အဲဒီအခါကျတော့ သံချောင်းကို ဘယ်လိုကြောင့်များကျွန်တော်တို့မတွေ့ရသလဲဆိုတာလေးလဲသိချင်ပါတယ်။

SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁)မှတပ်ကြပ်အဆင့်ရှိ ခိုင်ဝင်း

ကျွန်တော်က စက်သမားတာဝန်ကိုယူတဲ့အခါကျတော့ လူထုရဲ့တုံ့ပြန်မှုကိုလဲ စက်ထဲကနေတစ်ဆင့် သိရတာများတဲ့အတွက်ကြောင့်မို့ ကျွန်တော်ဖြေကြားပါမယ်။ ကျွန်တော်တို့အခုလိုချီတက်လာတဲ့ လမ်းကြောင်းတစ်လျှောက်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာတုန်းကတော့ ကျွန်တော်တို့ ရွက်ဆစ်ရဲ့လက်အောက်ခံ အခြားတပ်မဟာတွေက လှုပ်ရှားထားနိုင်တယ်၊ စိုးမိုးထားနိုင်တယ်၊ လူထုကိုခြိမ်းခြောက်ထားနိုင်ပြီးပြီဆိုတဲ့အခါကျတော့ ကျွန်တော်တို့အတွက် အခက်အခဲပြဿနာက ဒီလောက်မကြီးခဲ့ပါဘူး၊ ဒါပေမယ့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ရောက်လာတဲ့အခါကနေစလို့ ကျွန်တော်တို့ဟာ လူထုကို ဒီအထမ်းသမားတွေ ဘာတွေလိုတယ်ဆိုရင်လဲ သူတို့လုပ်လို့ရတဲ့ တစ်နေ့လုပ်အားခဝင်ငွေထက်ပိုပြီးပေးတယ်။ နောက်ပြီးတော့ လက်နက်ပြပြီးခြိမ်းခြောက်ပြီးခေါ်တယ်။ ဒါပေမယ့်နည်းနည်းလစ်တာနဲ့ထွက်ပြေးတယ်။ ပြေးပြီးတာနဲ့ ချက်ချင်းနီးစပ်ရာစစ်ကြောင်းတွေကို သတင်းသွားပို့တယ်။ တစ်ခါတစ်လေသူတို့က စစ်ကြောင်းကိုမရှာတတ်ဘူးဆိုရင် ရွာဥက္ကဋ္ဌတွေကို အကြောင်းကြားပြီးတော့မှ ဥက္ကဋ္ဌတွေကတစ်ဆင့် တစ်ရွာပြီးတစ်ရွာ လက်ဆင့်ကမ်းပြီးတော့မှ တပ်မတော်စစ်ကြောင်းတွေကို သတင်းရောက်ရှိအောင် ပို့ပေးတယ်။ လမ်းပြခိုင်းရှိရင်လဲ နီးရမယ့်နေရာကို ဝေးအောင်/မဝေးဝေးအောင် ပတ်ပြီးမှပြပေးတယ်။ ကြန့်ကြာတဲ့ ခက်ခဲတဲ့လမ်းကြောင်းတွေကို သူတို့ပြပေးတယ်။ နောက်ပြီးတော့စားနပ်ရိက္ခာဆိုလို့ရှိရင်လဲ ရွာထဲမှာဝယ်ခိုင်းရင်လည်းမရှိဘူး၊ ဝယ်လို့မရဘူး။ ကျွန်တော်တို့ ဖိနပ်စီးစရာမရှိဘူးဆိုရင်လဲ ကျွန်တော်တို့ရွာမှာ ဖိနပ်မရောင်းဘူး။ ကျွန်တော်တို့ကိုဆေးဝယ်ပေးပါဆိုရင်လဲ ကျွန်တော်တို့ ရွာမှာဆေးမရောင်းဘူး စသည်အားဖြင့် သူတို့ကတုံ့ပြန်တယ်။ ဆန်တွေ ဘာတွေဝင်ရှာတယ်၊ ကျွန်တော်တို့တောင်ယာတဲတွေ နောက်ရွာစပ်တွေမှာ အိမ်တွေထဲမှာ ဝင်ရှာတယ်။ ဆန်တွေမရှိဘူး၊ သူတို့ဖွက်ထားတာပဲဖြစ်မယ်၊ သူတို့ကဆန်စားတဲ့လူတွေပဲ၊ ဒါပေမဲ့သူတို့ဖွက်ထားတယ်၊ ဖွက်ထားတဲ့အခါကျတော့ ကျွန်တော်တို့ကရိက္ခာအခက်အခဲလဲဖြစ်တယ်။ အဲဒီလိုဖြစ်လာတာ လမ်းတစ်လျှောက်ဆိုတော့ လူထုက ကျွန်တော်တို့ကို လုံးဝဆန့်ကျင်တယ်၊ ကျွန်တော်တို့ကိုလုံးဝမထောက်ခံဘူး၊ အားမပေးဘူး၊ မြန်မာတပ်မတော်အစိုးရဘက်ကိုပဲသူတို့ပူးပေါင်းဆောင်ရွက်တယ်ဆိုတာကို အထင်အရှားတွေ့ခဲ့ရတာဖြစ်တယ်။ ဒါကြောင့်မို့လဲ ကျွန်တော်တို့က လူထုရဲ့ရင်ခွင်ထဲကို ဝင်ရောက်ခဲ့တာပါ။ ကျွန်တော်က အလင်းဝင်ဖြစ်တဲ့သံချောင်းအဖွဲ့နဲ့မတူပါဘူး။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးသံချောင်းပါမပါဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ကတော့ ဦးသံချောင်းမပါပေမယ့် ဦးသံချောင်းနဲ့အတူ ဖမ်းဆီးခံထားရတဲ့ သူ့ရဲ့တပည့်တွေ ဒီမှာခေါ်ထားတဲ့ အထဲမှာပါပါတယ်။ ကျွန်တော်တို့ ဦးသံချောင်းကို ဒီမှာခေါ်မထားတာကတော့ စစ်ဆေးမှုတွေအရ ထွက်ဆိုချက်တွေအရ ဦးသံချောင်းဟာ ဒီရာဇဝတ်ပြစ်မှုအတော် များများကို ကျူးလွန်ထားတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အကြမ်းဖက်သမားဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတွေနဲ့လဲပတ်သက်နေပါတယ်။ အဲဒီလိုဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီအများရဲ့ရှေ့မှာ ထုတ်ပြပေးဖို့အတွက် ကျွန်တော်တို့မှာလဲ လုံခြုံရေးတာဝန်အများကြီးရှိပါတယ်။ အဲဒီလိုအခြေအနေကြောင့် ကျွန်တော်တို့ ဦးသံချောင်းကို ဒီမှာမခေါ်ထားတာပဲဖြစ်ပါတယ်။ တကယ်လို့များဒီမှာတက်ရောက်လာကြတဲ့ သံအမတ်ကြီးများရော၊ သတင်းစာဆရာကြီးများပါသူ့ကိုတွေ့ချင်တယ်၊ ကြည့်ချင်တယ်ဆိုရင် ကျွန်တော်တို့ကထောင်ဝင်စာနဲ့ အဲဒီမှာကျွန်တော်တို့က ပေးပြလို့ရပါတယ်။

မဟာသတင်းဂျာနယ်နှင့် ကောင်းသတင်းဂျာနယ်မှ ဦးမြတ်ခိုင်

ကျွန်တော်တစ်ခုမေးလိုပါတယ်၊ ဟိုဘက်အစွန်မှာ လက်နက်နဲ့ငြိမ်းချမ်းရေးလဲထားတဲ့ပုဂ္ဂိုလ်များလို့ ကျွန်တော်တို့ သိရပါတယ်။ အဲဒီတော့ အဲဒီပုဂ္ဂိုလ်များဟာ ဘယ်အဖွဲ့အစည်းက လက်နက်နဲ့ ငြိမ်းချမ်းရေးလဲထားတာဖြစ်ပါသလဲ။ နောက်တစ်ခုက ဘာကြောင့်လက်နက်နဲ့ ငြိမ်းချမ်းရေးလဲပါသလဲ။ ဖိအားပေးလို့ လဲတာမျိုးလား၊ အဲဒါတိတိကျကျ သိချင်ပါတယ်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာပြည်သူလူထုအတွင်းအသိပညာပေး အမူအကျင့်ပြောင်းလဲစေရန်ဆန်းစစ်ခြင်းလုပ်ငန်းဆောင်ရွက်

ဟောပြော

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာများ ပြည်သူလူထုအတွင်း အသိပညာပေး၍ ဇီးကုန်းမြို့နယ်တွင် ဟောပြောစဉ်။ (ရထား)

ရန်ကုန် ဇန်နဝါရီ ၁၉

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းတက်ရောက်ပြီးစီးသော သင်တန်းသားများနှင့် ကျေးရွာအဆင့်ဆောင်ရွက်မှုရလဒ်များ ဆန်းစစ်ခြင်းကို ဇန်နဝါရီ ၁၇ရက်တွင် ပဲခူးတိုင်း (အနောက်ပိုင်း)မြို့နယ်အဆင့်တွင် ဇီးကုန်းမြို့နယ်၊ ကျေးရွာအဆင့်တွင် နွားတဲကုန်းကျေးရွာနှင့် လယ်မကျေးရွာတို့၌ ကွင်းဆင်းဆောင်ရွက်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်သော ဒေါ်ခင်သန်းဝင်း၊ ဒေါက်တာဒေါ်ခင်မြဝင်းနှင့် ဒေါ်သဇင်နွယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်၊ အတွင်းရေးမှူး ဒေါက်တာ ဦးအေးငြိမ်းနှင့်အဖွဲ့တို့က ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ဆန်းစစ်ခြင်းနှင့်အတူ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မြို့နယ်အသင်း၊ ကျေးရွာအသင်းခွဲအသီးသီးတို့၏ လုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေများ၊ အခြားလူမှုရေးအဖွဲ့အစည်းအသီးသီးတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများအား စားပွဲဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်ခဲ့သော ဦးအိုက်မုန်း

ကျွန်တော်ကတော့ ဦးအိုက်မုန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမှာနေပါတယ်။ အရင်တုန်းကဆိုလို့ရှိရင် ကျွန်တော်တို့ PSLA ဆိုတဲ့နာမည်နဲ့ ကျွန်တော်ဥက္ကဋ္ဌတာဝန်နေရာမှာ ယူထားပါတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးလိုလားလို့ ကျွန်တော်တို့အဖွဲ့ဟာ ၁၉၉၁ခုနှစ်ကတည်းက ငြိမ်းချမ်းရေးကိုရယူခဲ့ပါတယ်။ ကျွန်တော်တို့ကို ဘယ်သူဘယ်ဝါကမှ ဖိအားပေးတာ မရှိပါဘူး။ ဟိုတုန်းက ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်း တိုက်ကြ၊ ခိုက်ကြ၊ ပစ်ကြခတ်ကြနဲ့ ကျွန်တော်တို့ ဒီခေတ်ဒီအခါမှာ ဆိုလို့ရှိရင်တော့ လုံးဝမဟုတ်တော့ဘူး။ ဆန္ဒနဲ့အရင်းခံပြီးတော့မှ ကျွန်တော်တို့ ငြိမ်းချမ်းရေးကို ယူရပါတယ်။ ဒီကနေ့ နိုင်ငံတော်အစိုးရကနေပြီး ကျွန်တော်တို့ တိုင်းရင်းသားတွေအားလုံး ကာကွယ်စောင့်ရှောက်ပေးနိုင်မယ်ဆိုတဲ့ဆန္ဒနဲ့ လက်နက်အပြီးအပိုင်စွန့်လွှတ်ခဲ့ပါတယ်။ ဟိုတုန်းက ပြည်သူလူထုကနေပြီးတော့ ကျီးလန့်စာစားဘဝနဲ့နေခဲ့ရတယ်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အောက်ကျနောက်ကျ နေခဲ့ရတယ်။ ငြိမ်းချမ်းရေးရယူပြီးတဲ့ နောက်ပိုင်းမှာဆိုရင်တော့ ပြည်သူလူထုကလဲ စိတ်လက်ချမ်းချမ်းသာသာနဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကောင်းကောင်းမွန်မွန် စိတ်အေးအေးချမ်းချမ်းနဲ့နေသွားတာတွေ့ရတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီကနေ့ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်ခဲ့ခြင်း ဖြစ်ပါတယ်။

7 Day News သတင်းဂျာနယ်မှ ဦးမျိုးသာထက်

ကျွန်တော်တို့ အခုဒီမှာ အဖွဲ့ကို နှစ်ဖွဲ့ခွဲပြီးတော့ သတ်မှတ်လိုက်တယ်လို့ သိရပါတယ်။ ၁၁ယောက်ကိုတော့ အလင်းဝင်တယ်လို့ သတ်မှတ်ပြီးတော့ ကျန် ၂၀ကျော်ကိုတော့ အဖမ်းခံတဲ့အဖွဲ့လို့ သတ်မှတ်လိုက်ပါတယ်။ အဲဒါ ဘာကြောင့်ခွဲပြီး သတ်မှတ်လိုက်ပါသလဲ။ နောက်တစ်ခုက ခုနက အပြောအရဆိုရင် သူတို့ကို လောလောဆယ် ထောင်မှူးတွေ ရဲတပ်ဖွဲ့ဝင်တွေက ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားပါတယ်။ ဘာမှမရိုက်နှက်ပါဖူးလို့ ပြောပါတယ်။ အဲဒီတော့ သူတို့ကို ဘယ်လိုဆက်ပြီးတော့ ဘယ်လိုပြစ်မှုတွေ၊ ဘယ်လိုအရေးယူမှုတွေ လုပ်မလဲဆိုတာကို သိချင်ပါတယ်။ ဒီလို အရေးယူမှုတွေ လုပ်လိုက်ခြင်းအားဖြင့် နောက်ထပ်အလင်းဝင်လာမယ့်လူတွေ၊ အဖမ်းခံရမယ့်လူတွေအတွက်ကို ဟန့်တားသလို၊ မဝင်အောင်လုပ်သလိုဖြစ်သွားတာမျိုးဖြစ်မနေဘူးလားလို့ စဉ်းစားမိပါသလား။ အဲဒါကြောင့်မို့ သူတို့အတွက် ဘယ်လိုစဉ်းစားပေးထားပါသလဲ။ ဘယ်လိုအရေးယူမှုတွေ လုပ်မလဲဆိုတာ သိလိုပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

၁၁ယောက်ကိုတော့ အလင်းဝင်၊ ၂၇ယောက်ကိုတော့ဖမ်းမိ၊ ဘာကြောင့်ခွဲတာလဲဆိုတော့ ၁၁ယောက်ဟာ တကယ်ကို သူ့သဘောနဲ့သူ လက်နက်တွေပါယူလာပြီးတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့လူတွေဆီကို အလင်းလာဝင်လို့ ကျွန်တော်တို့က အလင်းဝင်လို့ သတ်မှတ်တာဖြစ်ပါတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ အလင်းဝင်တာမဟုတ်ဘဲနဲ့ ကျွန်တော်တို့ ဖမ်းဆီးရမိတာဖြစ်တဲ့အတွက် ဖမ်းဆီးရမိလို့ သတ်မှတ်ထားတာဖြစ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ အလင်းဝင်လာတဲ့ လူတွေရော၊ လက်နက်ချတဲ့ လူတွေကိုရော အရေးယူဖို့ကိစ္စဆိုတာကတော့ ဒါဥပဒေအတိုင်းဖြစ်ပါတယ်။ ကျွန်တော်က ဆုံးဖြတ်ပေးလို့မရပါဘူး။ ဥပဒေအတိုင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြစ်မှုတွေကို တကယ်ကျူးလွန်တာဟာ ယေဘုယျအားဖြင့် ခေါင်းဆောင်ပိုင်းလောက်ပဲဖြစ်မှာပါ။ ကျန်တဲ့လူတွေကတော့ ခေါင်းဆောင်ကခိုင်းလို့လုပ်ရတာ ရှိကောင်းရှိမှာပေါ့။ စောစောက သူတို့ဖြေတဲ့အထဲမှာကို သူတို့ကိုယ်တိုင် မီးရှို့ခဲ့ဖူးတာ ဘာတစ်ခုမျှ မရှိဘူးလို့ ပြောတဲ့အတွက် သူတို့တစ်တွေအား လုံးရော ဟိုမှာ ဖမ်းဆီးမိထားတဲ့ လူတွေအားလုံးရော ခေါင်းဆောင်မှအပပေါ့လေ လူငယ်ပိုင်း၊ ငယ်သားပိုင်းတွေဟာ ဘာမှပြစ်မှုကျူးလွန်ခဲ့တဲ့ အခြေအနေမရှိဘူးလို့ ယုံကြည်ပါတယ်။

The Voice သတင်းဂျာနယ်မှ ဦးသောင်းထိုက်

ခုနက လက်နက်ချပြီး အလင်းဝင်လာတဲ့ ရဲဘော်တစ်ယောက် ပြောသွားတာကတော့ သူတို့ ဒီလွယ်တိုင်းလျှို့ဌာနချုပ်မှာ ကန့်သတ်ဇရိယာဆိုပြီး ထား ထားတယ်။ အဲဒီဇရိယာထဲမှာ စိတ်ကြွဆေးတွေထုတ်တဲ့ စက်ရုံ၊ လက်နက်ထုတ်တဲ့ စက်ရုံထားတယ်ဆိုတာကြားလိုက်ရပါတယ်။ တကယ်တမ်း အဲဒီစက်ရုံတွေရှိခဲ့ရင် ဘယ်လိုလက်နက်တွေ ထုတ်နေသလဲဆိုတာလေး ပြောပြပေးစေချင်ပါတယ်။

SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှတပ်ကြပ်အဆင့်ရှိ ခိုင်ဝင်း

ဒီကန့်သတ်နယ်မြေဆိုတာက ကန့်ကိုကန့်သတ်ထားတာပါ၊ လူတိုင်းမဝင်ရပါဘူး။ ဒါကြောင့် သူတို့မူးယစ်ဆေးဝါးချက်လုပ်တယ်ဆိုတာက အဲဒီမှာပါဝင်တဲ့ လုံခြုံရေးတပ်သားတွေက ပြောပြလို့သိရတာပါ၊ လက်နက်စက်ရုံဆိုတာကတော့ ဘာမျှကြီးကြီးကျယ်ကျယ် လက်နက်မဟုတ်ပါဘူး၊ ဇမမကျည်ဆန်နဲ့ပစ်တဲ့ ပစ္စတိုနှစ်လက် ကျွန်တော်တို့ကို ထုတ်ပေးခဲ့ပါတယ်။ အဲဒါ ဘယ်ကရတာလဲလို့မေးကြည့်တော့ စက်ရုံကထုတ်တာ၊ ဟိုဘက်ထဲက ကန့်သတ်နယ်မြေက ထွက်လာတာလို့ဖြေလို့၊ လက်နက်စက်ရုံရှိတယ်လို့ ကျွန်တော်က အခိုင်အမာပြောနိုင်တာပါ။ ။

သားသမီးအပေါ် မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား
"တတိယနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ"
၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) (ပထမအကြိမ်)
၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) (ဒုတိယအကြိမ်)
(တနင်္သာရီတိုင်းမှ မြို့နယ် ခြောက်မြို့နယ်)
အသက် ၅ နှစ်အောက် ကလေးငယ်များအားလုံး)
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်းပြီး အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၂)မှ ဦးအောင်မြင့်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

(ယမန်နေ့ကအဆက်)

၁၄။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း" တွင် ပါရှိသောကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံအခြေခံ ဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ–သုံးငွေလျာထားချက်"ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

၁၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၁၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မဟုတ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်း ပြောကြားလိုကြောင်း အကြောင်းကြားလျှင် လိုအပ်သလို စီစဉ် ဆောင်ရွက်ပေးရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(င) ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော်လည်းကောင်း၊ ဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၂၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ လွှတ်တော် ကော်မတီနှင့်အဖွဲ့များတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စား ပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်း ကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(ဂ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိ လက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ် ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး တက်ရောက် နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦး အား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် အဖွဲ့၏အကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ထိုလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၂၃။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော် မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ ဟူ၍ဖြစ်ကြပါကြောင်း။**

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်များအပေါ် မိမိတို့အစုအဖွဲ့အနေဖြင့် လွှတ်တော်တစ်ခုချင်း အလိုက် အသေးစိတ်ရှင်းလင်းသုံးသပ် ဆွေးနွေးတင်ပြပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်အာဏာကို အဖွဲ့အစည်းတစ်ခုတည်းသို့လည်းကောင်း၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သို့လည်းကောင်း၊ အများအပြားပေးအပ်မှုမျိုး မဖြစ်အောင်နှင့် နှောင်အငြင်းပွားဖွယ်မဖြစ်အောင် သမ္မတနှင့်ပြည်ထောင်စုလွှတ်တော် ဆက်သွယ် ခြင်းနှင့်ဆက်ဆံပုံစနစ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အပြန်အလှန် ဆက်ဆံပုံစနစ်၊ ပြည်ထောင်စုလွှတ်တော်နှင့်ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှစ်ရပ်တို့၏ ဆက်ဆံပုံစနစ်တို့ကို ပြတ်ပြတ်သားသား ပိုင်းခြား သတ်မှတ်ထားသည်ကို တွေ့ရပါကြောင်း၊ ထိုကဲ့သို့ ပိုင်းခြားသတ်မှတ် ထားခြင်းကြောင့် အနာဂတ်မြန်မာနိုင်ငံတော်၌ အငြင်းပွားဖွယ်ပြဿနာများကို တားဆီးနိုင်မှာဖြစ်ပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးကို ခိုင်မာစေသည့် အာမခံချက်များ ရရှိလာမှာဖြစ်၍ မိမိတို့အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ် များအစုအဖွဲ့တွင်ပါဝင်သည့်ကိုယ်စားလှယ် အားလုံးက ညီညီညွတ်ညွတ်ဖြင့် ထောက်ခံတင်ပြ အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့ အခြေခံပညာ အလယ်တန်းကျောင်း (အိုးဘိုကုန်း)၏ ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က အဆိုပါ ကျောင်းမြက်ခင်းပြင်တွင် ကျင်းပရာ သတ္တမတန်းတွင် ဘက်စုံထူးချွန်ဆုရ မခင်ခင်ဆုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းကြည်က ဆုချီးမြှင့်စဉ်။ (က-ပ)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား လင်းခေး၌ ကျင်းပ

လင်းခေး ဇန်နဝါရီ ၁၀

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်က လင်းခေး အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံတင်ပွဲ အခမ်းအနားကို ကျင်းပပြီး နိုင်ငံတော်အလံကို အလေးပြုခြင်းနှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက ဖတ်ကြားသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆင်ဖြူကျွန်း၌ ပထမပြန်စာမေးပွဲအောင်သံဃာများ ဘွဲ့ဆက်ကပ်

ဆင်ဖြူကျွန်း ဇန်နဝါရီ ၁၀

မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် မြို့နယ်သံဃနာယကတို့ ပူးပေါင်း၍ ၁၃၆၇ ခုနှစ် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁နာရီက မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ မဟာဝိဇယာရာမပါဠိတက္ကသိုလ် ဝိဇယာနန္ဒသိမ်ကျောင်းဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် အုတ်ဖိုရပ် ဓမ္မသိင်္ဂီဝတ်အသင်းက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကာ အခမ်းအနားဖွင့်လှစ်သည်။ မဟာဝိဇယာရာမပါဠိတက္ကသိုလ် ဂန္ထဝါစက မြို့နယ်သံဃနာယကဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုပါရာဘိဝံသ (သာသနာဓဇ၊ စေတီယင်္ဂန)က ငါးပါးသီလနှင့် ဩဝါဒကထာချီးမြှင့်တော်မူသည်။

ဆက်ကပ်

ဆက်လက်၍ မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန တာဝန်ခံ ဦးသန်းမြင့်ဦးက အလှူခံရရှိငွေနှင့် အသုံးစရိတ်ရှင်းတမ်းကို တင်ပြလျှောက်ထား၍ ၁၃၆၆ ခုနှစ် ပထမပြန် စာမေးပွဲတွင် ဆင်ဖြူကျွန်း စာဖြေဌာနမှ အငယ်၊ အလတ်၊ အကြီး အောင်မြင်တော်မူကြသည့် သံဃာ၊ သာမဏေ၊ သီလရှင် ၅၂ပါးတို့အား တစ်ပါးလျှင်ကျပ်၃၀၀၀၊ ကျပ်၂၀၀၀ နှင့် ကျပ်၁၅၀၀ စီအလှူငွေနှင့် ဘွဲ့လက်မှတ်များကို ဆက်ကပ်သည်။

(အပေါ်ပုံ) (က-ပ)

အမျိုးသမီးရေးရာ သိကောင်းစရာများ ရှင်းလင်း ပညာရေး၊ကျန်းမာရေး မိသားစုစကားဝိုင်းဆွေးနွေး

တောင်ငူ ဇန်နဝါရီ ၁၀

တောင်ငူခရိုင် ထန်းတပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းလုံ ဦးဆောင်သော မြို့နယ်အသင်းဝင်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကြရာ နတ်ရွာကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားမိသားစုများ ဖြစ်ကြသည့် ရှမ်း၊ ပအိုဝ်း၊ ကရင်၊ မြန်မာ တိုင်းရင်းသားများနှင့် တွေ့ဆုံကြပြီး မိသားစုစကားဝိုင်းအဖြစ် အမျိုးသမီးရေးရာအဖွဲ့ အကြောင်း သိကောင်းစရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းတာဝန်များအကြောင်းကို ရှင်းလင်းဆွေးနွေး ပြောကြားကြပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာများကို မိသားစုစကားဝိုင်းအဖြစ် ပညာပေး ဆွေးနွေးကြသည်။ **(အောက်ပုံ)**

(၃၇၂)

ရေနံချောင်း အထက(၂) အာစရိယပူဇော်ပွဲကျင်းပ

မကွေး ဇန်နဝါရီ ၁၀

မကွေးတိုင်း ရေနံချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူ ဟောင်းများ၏ စတုတ္ထအကြိမ်အာစရိယ ပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက်က အဆိုပါကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီးဆရာမကြီး၅၉ဦး၊ အာစရိယပူဇော်ပွဲ ကျင်းပရေး ကော်မတီဝင်များနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ထို့နောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀စီဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်တန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

ကျောက်တန်း ဇန်နဝါရီ ၁၀

ကျောက်တန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် မျက်နှာစုံညီ အစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးသောင်းဝင်း၊ (မောင်နီမှိုင်း-ကျောက်တန်း)က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး သဘာပတိမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (မော်ဝန်းဝင်းမြတ်)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ခင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို အဖွဲ့ဝင် ဦးဝင်းမြင့်ထွန်း(ဝင်းမြင့်ထွန်း)က ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးအောင်စိုးက သဘာပတိအဖြစ်လည်းကောင်း၊ ဦးအောင်လင်းက အခမ်းအနားမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ကြပြီး အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌ ဦးစိုးဝင်း (မော်ဝန်းဝင်းမြတ်)၊အတွင်းရေးမှူး ဦးသောင်းဝင်း(မောင်နီမှိုင်း-ကျောက်တန်း)၊ ဘဏ္ဍာရေးမှူးဦးမောင်မြင့် (မောင်မောင်မြင့်ငွေ)၊ အဖွဲ့ဝင် ဦးဝင်းမြင့်ထွန်း (ဝင်းမြင့်ထွန်း)၊ ဦးချစ်ဆွေ(ချစ်-တက္ကသိုလ်)တို့အား ရွေးချယ်ပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌဦးစိုးဝင်း (မော်ဝန်းဝင်းမြတ်)၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယကအဖြစ် ဦးထွန်းရှိန် (သန်းဝင်းရှိန်)တို့အား ရွေးချယ်ကြသည်။

(၁၀၉)

တောင်တွင်းကြီးမြို့ တောင်ပြင်(၁)ရပ်ကွက် အောင်သပြေလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဒီဇင်ဘာ ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

သုံးခွမြို့နယ်၌ ဘက်စုံပညာထူးချွန်ဆုချီးမြှင့်

သုံးခွ ဇန်နဝါရီ ၁၀

သုံးခွမြို့နယ်အဆင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲ အခမ်းအနားကို သုံးခွမြို့ အထက(၁)ခန်းမ၌ ဇန်နဝါရီ ၅ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးမှူးဦးသန်းဌေးနှင့် ဆုရသူ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းသူ ကျောင်းသားများ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကားပြောကြား၍ မြို့နယ်ပညာရေးမှူး ဦးသန်းဌေးက ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြီး ဘက်စုံထူးချွန်ဆုရကျောင်းများ၊ ကျောင်းသူ ကျောင်းသားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။**(အောက်ပုံ)**

ထို့နောက် (၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံပညာအဆင့် ၁၀ နှစ်မှ ၁၅ နှစ် ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ မဇာနည်နန်းလွင်က ဆိုင်းလက်စွမ်းပြတီးလုံးများဖြင့်လည်းကောင်း၊ ဆုရကျောင်းများမှ ကျောင်းသူကလေးများက အကများဖြင့်လည်းကောင်း ကပြဖျော်ဖြေကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြေပုံမြို့ ဗိုလ်ချုပ်လမ်းဆုံ၌ မြေယာရှင်းအလှပြုပြင်

မြေပုံ ဇန်နဝါရီ ၆

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းသည် ဒီဇင်ဘာ ၃၁ ရက်က မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိသော ဗိုလ်ချုပ်လမ်းဆုံ မြေယာရှင်း အလှပြုပြင်ထားမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့က ရှင်းလင်း တင်ပြကြသည်။

(မြို့နယ် စည်ပင်)

မော်ကျွန်းနာရေးကူညီမှုအသင်းသို့ အလှူငွေများပေးအပ်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၅

မော်လမြိုင်ကျွန်းမြို့ နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက မဟာဗန္ဓုလ ၁ လမ်းထိပ်ရှိ နာရေးကူညီမှုအသင်းရုံးခန်းမ၌ကျင်းပသည်။

ယင်း အလှူငွေပေးအပ်ပွဲတွင် ဦးပါ-ဒေါ်ညွှန့်ညွှန့်သိန်း(ဂဠုံမင်းဆေးလိပ်ခုံ) မော်လမြိုင်ကျွန်းက ငွေကျပ်တစ်သိန်း၊ ဒေါ်ကောက်ပို့ မော်လမြိုင်ကျွန်းက ငွေကျပ်ငါးသောင်းနှင့် ဦးကျော်-ဒေါ်အုန်း၊ ဒေါ်ထွေးစိန် မောင်နှမများက ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြရာ အလှူရှင်များကိုယ်စား မော်လမြိုင်ကျွန်းမြို့ ဩဘာလမ်းနေ ဦးလှန္တယ်က နာရေးကူညီမှုအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်မောင်းထံ ပေးအပ်လှူဒါန်းသည်။**(ဝဲပုံ)**

လှူဒါန်း

အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များအနေဖြင့် အလှူငွေများပေးပို့လှူဒါန်းလိုပါက ဦးအောင်ထိန် ရုံးအဖွဲ့မှူးနာရေးကူညီမှုအသင်း မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၉၇)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၆) ကျင်းပ

ဒေသခံတိုင်းရင်းသားပြည်သူများက လုံးဝလက်မခံဘဲ ဆန့်ကျင်မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူ SSA (တောင်ပိုင်း)မှ စစ်ခွန်ကျော် ဦးစီးသည့် တပ်မဟာ(၂၄၁) တပ်ဖွဲ့ဝင်များ လက်နက်ချအလင်းဝင်ရောက်ခြင်း၊ ဖမ်းဆီးရမိခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၉

ဒေသခံတိုင်းရင်းသားပြည်သူများက လုံးဝလက်မခံဘဲ ဆန့်ကျင်မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူ SSA(တောင်ပိုင်း)မှ စစ်ခွန်ကျော် ဦးစီးသည့် တပ်မဟာ(၂၄၁)တပ်ဖွဲ့ဝင်များ လက်နက်ချအလင်းဝင်ရောက်ခြင်း၊ ဖမ်းဆီးရမိခြင်းတို့နှင့်စပ်လျဉ်းသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၆)ကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်သူ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. M .Phoebe A. Gomez အမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းထုတ်ပြန်ရေးကော်မတီဝင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အဖွဲ့ဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းတို့မှ သတင်းတာဝန်ခံများ၊ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့အတူ SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်မဟာမှူးအဆင့်ရှိ သံချောင်း(ခ)စစ်ခွန်ကျော်ဦးစီးအဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိ စိုင်းဘုန်း(ခ)ဘုန်းတင့် ဦးစီးသည့် ဖမ်းဆီးရမိ သောင်းကျန်းသူများ၊ တပ်ကြပ်ကြီးအဆင့်ရှိ ထွန်းကျော် ဦးစီးအလင်းဝင်ရောက်လာကြသည့် တပ်ဖွဲ့ဝင်များလည်း တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဒေသခံ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံဘဲ ဆန့်ကျင်မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူ SSA(တောင်ပိုင်း)မှ စစ်ခွန်ကျော် ဦးစီးသည့် တပ်မဟာ(၂၄၁)တပ်ဖွဲ့ဝင်များ လက်နက်ချ အလင်းဝင်ရောက်ခြင်း၊ ဖမ်းဆီးရမိခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အလားတူလက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ပြီးဖြစ်သည့် ဦးကန်န၊ ဦးဂုဏ်ခေး၊ ဦးစိုင်းကူ၊ ဦးလောက်လျန်း၊ ဦးအိုက်မုန်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီးဖြစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)ကိုးကန့်အဖွဲ့မှ ဦးရန်ကြီးမြင်၊ အထူးဒေသ(၂)မှ ဦးအာဖုန်၊ အထူးဒေသ(၃)မှ ဦးကောင်တိုင်း၊ အထူးဒေသ(၅)မှ ဦးဇော်ဆိုင်းနှင့် ဦးဇော်ယွန်တို့အပြင် မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့မှ ဦးစိုင်းမွန်း၊ ပန်ဆေး ဌာနေပြည်သူ့စစ်အဖွဲ့မှ ဦးကျော်မြင့်နှင့် ၎င်းတို့၏တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

SSA (တောင်ပိုင်း)မှ သံချောင်း(ခ)စစ်ခွန်ကျော် ဦးစီးအဖွဲ့မှ သိမ်းဆည်းရမိသော လက်နက်၊ ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့် SSNA တပ်မဟာ(၆) ဌာနချုပ်နေရာဟောင်း မုန်းရင်ကျေးရွာအနီးမှ ထပ်မံဖော်ထုတ်ရရှိသော လက်နက်၊ ခဲယမ်းဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

20-1 (20).p65 1 3/25/1905, 12:52 AM